# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)



## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်

**နေပြည်တော် မတ် ၂၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အတည်ပြုမှတ်တမ်းတင်**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၃ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၃၇၁ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၆ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

**ယနေ့ ဖတ်စရာ**

**နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို မြှင့်တင်စို့**


ဆောင်းပါး စာမျက်နှာ » ၆


**နိုင်ငံတကာလေကြောင်းခရီးစဉ်များ ဆက်လက်ပြေးဆွဲနိုင်ရန် ခရီးဆောင်အလေးချိန် ကန့်သတ်ချက်များကို MAI က လျှော့ချသတ်မှတ်**


စာမျက်နှာ » ၁၅





ကြေးမုံ

# နိုင်ငံတော်နှင့် ပြည်သူ့အကျိုးရှေးရှု စနစ်တကျခြိုးခြံချွေတာသုံးစွဲ

မျက်မှောက်ကာလတွင် ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်တို့အရ အများပြည်သူ မည်သူမဆို ခြိုးခြံချွေတာရေးကို မဖြစ်မနေဆောင်ရွက်ရမည့် အချိန်အခါဖြစ်သည်။ ခြိုးခြံချွေတာလိုက်ခြင်းဖြင့် အခြားသူတို့ကို အကျိုးပြုရာရောက်သည်။ တစ်ဦးချင်းတစ်ယောက်ချင်းစီ ခြိုးခြံချွေတာလိုက်ခြင်းဖြင့် အခြားလိုအပ်သူများကို ဖြည့်ဆည်းပေးရာရောက်သဖြင့် မွန်မြတ်သောလုပ်ဆောင်မှုအဖြစ် ခံယူနိုင်ပေသည်။ လက်ရှိတွင် ခြိုးခြံချွေတာအပ်သည့် အဓိကအရာသုံးခုမှာ သောက်သုံးရေ၊ စက်သုံးဆီနှင့် လျှပ်စစ်ဓာတ်အားတို့ဖြစ်သည်။

သောက်သုံးရေနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ရေချိုသယံဇာတပေါများသည့် နိုင်ငံအဖြစ်မှတ်ယူနိုင်သော်လည်း ယခုကဲ့သို့ ပူပြင်းသောနွေရာသီကာလ မတ်လမှ ဇွန်လအတွင်း ရေချိုသယံဇာတခြောက်ခန်းမှုများနှင့် ကြုံတွေ့နိုင်သဖြင့် နေ့စဉ်ရရှိသုံးစွဲနေသော ရေအရင်းအမြစ်များကို စနစ်တကျ ခြိုးခြံချွေတာ သုံးစွဲသွားရန်လိုသည်။ စက်သုံးဆီနှင့်ပတ်သက်၍ အရှေ့အလယ်ပိုင်းဒေသတွင် မပြီးသေးသော ပဋိပက္ခများနှင့် နောက်ဆက်တွဲအခြေအနေများအရ မြန်မာနိုင်ငံအပါအဝင် နိုင်ငံများအနေဖြင့် လက်ကျန်စက်သုံးဆီများ၊ အရန်စက်သုံးဆီများကို စနစ်တကျသုံးစွဲစေပြီး အချိန်အတိုင်းအတာတစ်ခုအထိ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်နေသဖြင့် စနစ်တကျခြိုးခြံချွေတာသုံးစွဲရန် လိုအပ်ပေသည်။

လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ အစောပိုင်းကာလတွင် လျှပ်စစ်မီးကို ပုံမှန်ပေးနိုင်သော်လည်း ယခုကာလမှစ၍ လျှပ်စစ်ဓာတ်အားကို အလှည့်ကျပေးဝေသည့်စနစ်ကို ပြန်လည်ကျင့်သုံးရသည်။ ယခုမတ်လမှစ၍ နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပုံမှန်အားဖြင့် ဆည်များတွင် စုဆောင်းထားရှိသည့် ရေများကို ဇွန်လအထိ ထိန်းသိမ်းမောင်းနှင်ပြီး ဓာတ်အားဖြန့်ဖြူးရေးကို စနစ်တကျဆောင်ရွက်ရမည့်ကာလဖြစ်သည်။ သို့သော် မတ်လအတွင်း တက္ကသိုလ်ဝင်စာမေးပွဲမကျင်းပမီနှင့် ကျင်းပချိန်များတွင် ကျောင်းသားကျောင်းသူများ စာကြည့်ချိန်နှင့် စာစစ်ဌာနများ ဓာတ်အားစဉ်ဆက်မပြတ်ရရှိစေရန် စုဆောင်းထားရှိသည့် ဆည်ရေများဖြင့် ဓာတ်အားတိုးမြှင့် ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့သည်။

တက္ကသိုလ်ဝင်စာမေးပွဲပြီးစီးသွားသည့်အချိန်မှစ၍ နွေရာသီကာလ ဇွန်လအထိ ဓာတ်အား စဉ်ဆက်မပြတ်ပေးဝေနိုင်ရန်နှင့် လက်ရှိကာလတွင် ရာသီဥတုပူပြင်းမှုကြောင့် ဝန်အားသုံးစွဲမှုမြင့်တက်လာခြင်းကို ထိန်းညှိရန်အတွက် ဓာတ်အားထုတ်လုပ်မှုနှင့်ချိန်ညှိကာ အချို့သောနေရာ၊ အချို့သောအချိန်များတွင် ဓာတ်အားမျှတခွဲဝေခြင်းအစီအစဉ်များကို မတ်လ ၁၈ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ တစ်နေ့တာ ပျမ်းမျှဓာတ်အားလိုအပ်ချက် ၄၆၆၄ မဂ္ဂါဝပ်ကို ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် နေရောင်ခြည်သုံးစွမ်းအင်၊ လေစွမ်းအင်၊ ကျောက်မီးသွေးစွမ်းအင်၊ ရေစွမ်းအင်၊ သဘာဝဓာတ်ငွေ့စွမ်းအင်အမျိုးမျိုးတို့ကို ထိရောက်စွာ အသုံးပြုဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် ဖျက်ဆီးခံရသော ဓာတ်အားလိုင်းများ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပြီး စွမ်းအင်အရင်းအမြစ်မျိုးစုံမှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဓာတ်အားလိုင်းအချို့ ဖျက်ဆီးခံရမှုနှင့် သဘာဝဓာတ်ငွေ့ရရှိမှု လျော့နည်းခြင်းတို့ကြောင့် LNG သုံး ဓာတ်အားပေးစက်ရုံများမှ ၅၀၀ မဂ္ဂါဝပ် ထပ်မံဖြည့်ဆည်း ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ရာ ပုံမှန်ထုတ်လုပ်နိုင်မှု၏ ၇၇ ရာခိုင်နှုန်းဖြစ်သော ၃၆၀၀ မဂ္ဂါဝပ်ခန့်ကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ဝန်အားမျှတ ခွဲဝေခြင်းအစီအစဉ်ကို ဆောင်ရွက်ရာ၌ သဘာဝဓာတ်ငွေ့ရည် LNG သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်လိုင်းဖြင့် ဓာတ်အားပေးသည့် ဓာတ်အားလိုင်းများတွင် စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်ခဲ့သောအခြေအနေများကို မိဘပြည်သူများအနေဖြင့် နားလည်ပေးရန် မေတ္တာရပ်ခံပါသည်။

သို့ဖြစ်ရာ လက်ရှိကာလတွင် အကြောင်းအမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်လာသော အခြေအနေအရပ်ရပ်တို့အရ အများပြည်သူတို့အနေဖြင့် စိန်ခေါ်မှုများ၊ အခက်အခဲများ ကြုံတွေ့နေရမှုအပေါ် နိုင်ငံတော်အစိုးရက အဆင်ပြေချောမွေ့စေရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ပြည်သူများ မဖြစ်မနေလိုအပ်သော စက်သုံးဆီနှင့် လျှပ်စစ်ဓာတ်အားကို အဆင်ပြေမည့် အချိန်အတိုင်းအတာတစ်ခုရောက်ရှိသည်အထိ စနစ်တကျ စီမံဆောင်ရွက်နေခြင်းဖြစ်၍ ပြည်သူများကလည်း စနစ်တကျ ခြိုးခြံချွေတာသုံးစွဲခြင်းဖြင့် နိုင်ငံတော်နှင့် အများပြည်သူအကျိုးကို ပါဝင်ဆောင်ကြဉ်းပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## တရားမအထူးအယူခံမှု ခြောက်မှုတို့ကို စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၂၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဒေါ်ခင်မေရီ၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက် တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၇/၂၀၂၅(မန္တလေး)၊ ၄၆/၂၀၂၅ (ရန်ကုန်)၊ ၅၀/၂၀၂၅ (ကချင်)၊ ၅၁/၂၀၂၅ (ကချင်)၊ ၅၂/၂၀၂၅ (ရန်ကုန်)၊ ၅၄/၂၀၂၅ (ဧရာဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု ခြောက်မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၈/၂၀၂၅(မန္တလေး)၊ ၁/၂၀၂၆(ရန်ကုန်)နှင့် တရားမအထူးအယူခံမှုအမှတ် ၄၂/၂၀၂၅ (ရန်ကုန်)၊ ၄၉/၂၀၂၅ (စစ်ကိုင်း)၊ ၅၅/၂၀၂၅ (ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၃ - ၃ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ - ၃ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၆,၀၀၀ | ၁၅,၅၀၀ | ၆၁ | ၉၅၈,၀၀၀ |
| MTSH | ၆,၃၀၀ | ၆,၄၀၀ | ၈,၈၄၃ | ၅၆,၅၁၁,၅၀၀ |
| MCB | ၁၀,၀၀၀ | ၉,၀၀၀ | ၈၇ | ၈၁၃,၆၀၀ |
| FPB | ၄,၃၀၀ | ၄,၂၀၀ | ၁,၉၂၅ | ၈,၀၈၄,၀၀၀ |
| TMH | ၃,၃၅၀ | ၃,၃၅၀ | ၁၀၈ | ၃၆၁,၈၀၀ |
| EFR | ၁,၉၀၀ | ၁,၉၅၀ | ၃,၂၇၉ | ၆,၂၆၆,၃၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၃၀ | ၁၂၀,၀၀၀ |
| MAEX | ၃,၉၀၀ | ၃,၉၀၀ | ၅၉၁ | ၂,၃၀၅,၄၀၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၃၅၀ | ၂၀၁ | ၆၇၃,၄၀၀ |
| ASPGB(PLB) | ၁၉,၅၀၀ | ၁၉,၅၀၀ | ၄၆ | ၁,၈၁၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




# သတင်းထုတ်ပြန်ချက်

**နေပြည်တော် မတ် ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခါးကျီးပေါင်းရောဂါကြောင့် အာရုံကြောညပ်ခြင်း (Lumbar Spondylosis with Spinal Stenosis) ဝေဒနာခံစားခဲ့ရသဖြင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် အမှတ်(၂)တပ်မတော် ဆေးရုံကြီး (ခုတင် ၁၀၀၀) နေပြည်တော်၌ အိန္ဒိယနိုင်ငံမှပါရဂူများနှင့် မြန်မာ့တပ်မတော်ဆေးတပ်ဖွဲ့တို့ပူးပေါင်း၍ အရေးပေါ်ခွဲစိတ်ကုသမှုအား ၂ နာရီကြာ ပြုလုပ်ခဲ့ပါသည်။

ခွဲစိတ်ကုသမှုအောင်မြင်ပြီး ယခုအခါ နိုင်ငံ့တာဝန်နှင့် တပ်မတော်တာဝန်များကို ကျန်းမာစွာ ထမ်းဆောင်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**☆ ရှေ့ဖုံးမှ**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ နန္ဒကျော်စွာနှင့် အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ ငွေစာရင်းကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌအဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်နှင့် အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို မတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို တွေ့ရစဉ်။

## တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**မော်လမြိုင် မတ် ၂၃**

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ်လွှတ်တော်ရုံး ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစည်းအဝေးစတင်ကြောင်း ကြေညာပြီး လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီတွင် တာဝန်ပေးအပ်မည့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြကြသည်။



ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ သထုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမြင့်မောင်လေးက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။ ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် တာဝန်ပေးအပ်မည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏အမည်စာရင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် တာဝန်ပေးအပ်မည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစည်းအဝေးရပ်နားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



## မော်လမြိုင်မြို့၌ ငလျင်ဘေးအန္တရာယ်အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**မော်လမြိုင် မတ် ၂၃**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများက မန္တလေးငလျင်ကြီးလှုပ်ခတ်မှု (၁)နှစ်ပြည့် အသိပညာပေးလှုပ်ရှားမှုအနေဖြင့် ငလျင်ဘေးအန္တရာယ်အသိပညာပေး နှိုးဆော်ခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မတ် ၂၁ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့အတွင်းရှိ မရမ်းကုန်းရပ်ကွက်၊ ပန်းပဲတန်းရပ်ကွက်၊ ဘိုကုန်းရပ်ကွက်၊ သိမ်ကုန်းရပ်ကွက်၊ အောက်ကျင်းရပ်ကွက်နှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)တို့တွင် ဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးနှိုးဆော်ရာတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများက လမ်းသွားလမ်းလာပြည်သူများနှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကာ ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် နွေရာသီယဉ်ကျေးလိမ္မာသင်တန်း သင်ကြားပို့ချနေမှု ကြည့်ရှုအားပေး



လွိုင်ကော်  မတ်  ၂၃

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးစိန်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် နွေရာသီယဉ်ကျေးလိမ္မာသင်တန်း သင်ကြားပို့ချနေမှု၊ မင်းကျောင်းကန် အမှတ်(၄)နှင့် အမှတ်(၅) ကန်ပတ်ဝန်းကျင် တစ်လျှောက် ပြည်သူများ အနားယူအပန်းဖြေနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း၌ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ နွေရာသီအခြေခံအင်္ဂလိပ်စာ သင်တန်းဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားကာ နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်း တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေကျပ် ၁၀၀၀၀၀၀ နှင့် သင်ကြားပို့ချလျက်ရှိသည့် ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေကျပ် ၈၀၀၀၀၀ ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်းကို မတ် ၉ ရက်မှ ဧပြီ ၃ ရက်အထိ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မင်းကျောင်းပရိယတ္တိစာသင်တိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုနှင့် ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကာ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းသို့ တက်ရောက်လျက်ရှိသည့် သင်တန်းသားများအား နှုတ်ဆက်စကားပြောကြားပြီး သင်တန်းတက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပို့ချပေးသော ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေကျပ် ၁၀၀၀၀၀၀ ကို ပေးအပ်သည်။

အဆိုပါ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၁၅ ရက်မှ ဧပြီ ၂၀ ရက်အထိ ရက်သတ္တငါးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် လွိုင်ကော်မြို့ မင်းကျောင်းကန်သာကန် အမှတ်(၄)နှင့် အမှတ်(၅)တို့တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရေးအတွက် ကန်ပတ်ဝန်းကျင်နှင့် ရေကန်အတွင်း ပလတ်စတစ်နှင့် အမှိုက်သရိုက်များ ကင်းစင်သန့်ရှင်းရေး၊ ကန်ပေါင်ပတ်လည် ပန်းအလှပင်စိုက်ပျိုးခြင်းနှင့် အမြဲစိမ်းလန်းစိုပြည်စေရေး၊ အများပြည်သူ အပန်းဖြေရန်နေရာများ စီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကန်ပတ်ဝန်းကျင်ရှိသစ်ပင်ပန်းမန်များ စိမ်းလန်းစိုပြည်ရေးနှင့် အမှိုက်သရိုက်များ ကင်းရှင်းစေရေး ဆောင်ရွက်ရန်နှင့် မြို့အား Green City၊ Clean City၊ Smart City အဖြစ် ပုံဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း / တပ်ဖွဲ့များ၌ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်လှစ်



နေပြည်တော်  မတ်  ၂၃

ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများ ဖြစ်လာစေရန်၊ လက်တွေ့အသုံးချ ဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အတတ်ပညာများ တိုးပွားစေရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ အင်္ဂလိပ်စာအခြေခံနှင့် စကားပြောသင်တန်းနှင့် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိ ပြည်ငြိမ်းအေးခန်းမ၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ တပ်နယ်ခန်းမ၌လည်းကောင်း အသီးသီးဖွင့်လှစ်ရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးများက နွေရာသီသင်တန်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများ၊ စာရေးကိရိယာများနှင့် ယဉ်ကျေးလိမ္မာသင်ခန်းစာ စာအုပ်များကို ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌လည်း အဆိုပါနွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ AI နည်းပညာနှင့် စာကြည့်တိုက်သင်တန်း ဖွင့်လှစ်



ရန်ကုန်  မတ်  ၂၃

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်းကျင်းပသည့် AI နည်းပညာနှင့် စာကြည့်တိုက်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူထုအခြေပြုဗဟိုဌာန (ဗဟန်း)မြို့နယ်၌ ပြုလုပ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အမှာစကားပြောကြားရာတွင် ပြည်သူများ အသိပညာအတွေးအခေါ်မြင့်မားရေး အထောက်အကူဖြစ်စေသည့် ရပ်ကွက်/ ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးစေရန်အတွက် အစိုးရ၊ အဆင့်ဆင့်သော စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီများ၊ စာကြည့်တိုက်မှူးများနှင့် ပြည်သူများက ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခုသင်တန်းသို့တက်ရောက်မည့် သင်တန်းသားစာကြည့်တိုက်မှူးများအနေဖြင့် သင်တန်းတက်ရောက်သည့်ကာလတွင် သင်တန်းကပို့ချသည့် AI နည်းပညာနှင့် ဆက်စပ်ပြီး စာကြည့်တိုက်ပညာရပ်များကို ကြိုးစားသင်ယူပြီး မိမိတို့ စာကြည့်တိုက်များတွင် ပြန်လည်အသုံးချကာ မိမိဒေသက ပြည်သူများ အထူးသဖြင့် လူငယ်များ စာဖတ်ရှိန်မြင့်မားလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဦးက သင်တန်းဖွင့်လှစ်သင်ကြားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားတက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ ကျင်းပသော AI နည်းပညာနှင့် စာကြည့်တိုက်သင်တန်းဖွင့်ပွဲသို့ သင်တန်းသားသင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၂၃ ရက်မှ ၂၆ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ရှားငံမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ရှားငံ  မတ်  ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှားငံမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောခြင်းကို မတ် ၂၂ ရက် နံနက်ပိုင်းက မင်းတိုင်ပင်ကျေးရွာ ရေဝေရေလဲသစ်တောစခန်း၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သစ်တောဦးစီးဌာနမှ တောအုပ် ဦးသန်းစိုးက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေး သိကောင်းစရာများနှင့် တောမီးကြောင့် သဘာဝပတ်ဝန်းကျင်၊ စိုက်ပျိုးမြေများ၊ ပြည်သူပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်သည့် အဓိကအကြောင်းအရင်းများ၊ မီးခိုးမြူငွေ့များတွင် ပါဝင်သော လေထုညစ်ညမ်းစေသည့်အရာများ၊ မီးခိုးမြူငွေ့များကြောင့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းစဉ်များကို အသိပညာပေးဟောပြောရာ ဒေသခံပြည်သူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## တပ်မတော်ဂုဏ်ရည် အံ့လောက်သည်

✻ ခေတ်သမိုင်းကို
ဆစ်ပိုင်း၍ကြည့်၊ ဆန်းစစ်ဘိသော်
တိုင်းပြည့်အရေး၊ ကြုံဘိသေးတိုင်း
တွေးမြော်ထောက်ဆ၊ စောင့်ရှောက်ရသည်
မြန်မာ့တပ်မတော်အမှန်တကား။

✻ ၁၉၆၂
၁၉၈၈
၂၀၂၁
ဖြစ်ပျက်အားလုံး၊ သိမ်းကျုံးခြုံကြည့်
ဆက်စပ်ဘိလျှင်
တိုင်းပြည့်အာဏာ၊ အချုပ်အခြာကို
မသမာသူများ၊ လုပ်ရပ်မှားဖြင့်
လုသွားမည့်အကြုံ၊ လက်မခံဘဲ
အမှန်လမ်းကြောင်း၊ မတိမ်းစောင်းအောင်
ကောင်းစွာရှေးရှု၊ ဦးတည်ပြုသည်
ဥပဒေနှင့်အညီသာတကား။

✻ ယခုအခါ၊ ငါးနှစ်တာဝယ်
ညီညာပြည်လုံး၊ ပေါင်းစုရုံး၍
နောက်ဆုံးပန်းတိုင်၊ တို့လှမ်းနိုင်ပြီ
နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကာကွယ်ရေး
စီးပွားရေးကဏ္ဍ၊ ပညာရေးကဏ္ဍ
ကျန်းမာရေးကဏ္ဍ
ကဏ္ဍစုံပန်း၊ ဘက်စုံလန်း၍
ငြိမ်းချမ်းရေးအတွက်သော်၊ ရှေ့ရေးမြော်၍
လှုတ်တော်လှုတ်ရပ်၊ အထပ်ထပ်နှင့်
မြင့်မြတ်ဌာနီ၊ မြန်မာပြည်ကို
ကမ္ဘာ့အရှည်တည်ရေး၊ ဆောက်တည်ပေးသည်
လေးမြတ်ဂုဏ်ယူဖွယ်ပါတကား။

✻ အို...တပ်မတော်၊ ပြည့်မျက်ဖျော်တို့
နှစ်သော်ရှည်လျား၊ တိုင်းပြည်အားလျှင်
သားကောင်းပီစွာ၊ စောင့်ရှောက်ပါခဲ့
ကမ္ဘာ့အရှည်၊ မြန်မာပြည်ဟု
တည်ပါစေကြောင်း၊ သွေးသက်လောင်းလျက်
ကောင်းစွာပေးဆပ်၊ အစဉ်အလာမြတ်နှင့်
တပ်မတော်ဂုဏ်ရည်၊ အံ့လောက်သည်ကို
ပြည်သူအပေါင်းဂုဏ်ပြုသည်
ရှေ့ဆက်ချီပဲ့ ခရီးရှည်။
လေးမြတ်ဂုဏ်ယူနေပါမည်။ ။

(၈၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုလျက်

**မြင်းမူမောင်နိုင်မိုး**

## ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲ ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၃

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နှင့် ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ တစ်ချိန်တည်း ကျင်းပသည်။

သွေးလှူဒါန်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းစုစုပေါင်း ၂၁၆ ဦးတို့က ဂုဏ်ပြုသွေးလှူဒါန်းကြရာ သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်



ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီး ဌာနနှင့်ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဒုတပ်မှူး ဗိုလ်မှူးကြီး ဇော်လင်းအောင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားကာ သွေးအလှူရှင်များအား အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်သည်။

ယနေ့ကျင်းပသည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းစုစုပေါင်း ၂၁၆ ဦးတို့က စုပေါင်းသွေး လှူဒါန်းခဲ့ကြပြီး မတ် ၂၄ ရက်တွင်လည်း နေပြည်တော် (ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်း ၁၅၈ ဦးတို့က ဆက်လက် ဂုဏ်ပြုသွေးလှူဒါန်းကြမည်ဖြစ်ရာ စုစုပေါင်း သွေးလှူဒါန်းသူ ၃၇၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မတ် ၂၃ ရက် မွန်းလွဲပိုင်းက ကွမ်းခြံကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ကွမ်းခြံကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းက ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် ဆိုင်ရာနှင့် ပတ်သက်သော အသိပညာများကို အခွန်ထမ်း ပြည်သူများအား



ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုပိုင်**

## ပြလို့မြို့၌ အကြိုအခြေခံမီးသတ်ပညာသင်တန်း ဖွင့်လှစ်

အောင်လံ မတ် ၂၃

အရန်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်ပညာ သင်တန်းအမှတ်စဉ် (၁/၂၀၂၆)ကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြလို့မြို့ အထက(ပြလို့)ခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ အောင်လံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးက အရန်မီးသတ်တူညီ



ဝတ်စုံများ ထောက်ပံ့ပေးအပ်ခြင်းတို့ ဆောင်ရွက်သည်။

သင်တန်းသို့ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**

# နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို မြှင့်တင်စို့

**လူတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရန်မှာ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည့်ကဏ္ဍများ ကောင်းမွန်နေရန် လိုအပ်ပါသည်။ ထိုကဏ္ဍများထဲမှ စီးပွားရေးကဏ္ဍသည် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ပါသည်။**

**ကိုယဉ်ချစ် (မန္တလေး)**

နိုင်ငံတိုင်း၊ ဒေသတိုင်းတွင် တည်ငြိမ်အေးချမ်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်နေမှသာ ပြည်သူအားလုံး၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပြည့်စုံကောင်းမွန်နိုင်ပါမည်။ ကဏ္ဍအားလုံးမှာ တစ်ခုနှင့်တစ်ခုဆက်စပ်နေပြီး စီးပွားရေးကဏ္ဍ တိုးတက်အောင်မြင်ရေးက ပို၍အရေးကြီးပါသည်။ ထို့ကြောင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရပါသည်။ မိမိတို့နိုင်ငံတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်စီမံကိန်း၊ စီမံချက်များ ရေးဆွဲချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ အပိုဒ် ၃၅ တွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။ အပိုဒ် ၃၆၊ အပိုဒ်ခွဲ (ဂ)တွင် အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်း မြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေးရှုဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားပါသည်။ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်အစိုးရက နိုင်ငံသူ နိုင်ငံသားတို့၏ နေထိုင်မှုအဆင့်အတန်း မြင့်မားရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

### သဘာဝသယံဇာတ အရင်းအမြစ်များစွာ ပိုင်ဆိုင်ထား

မြန်မာနိုင်ငံ၌ သဘာဝကပေးအပ်ထားသည့် သဘာဝသယံဇာတ အရင်းအမြစ်များစွာပိုင်ဆိုင်ထားပါသည်။ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း မြစ်ကြီးများနှင့် မြစ်လက်တက်များ၊ ချောင်းကြီး၊ ချောင်းငယ်များစွာတို့မှ သောက်သုံးရေ၊ စိုက်ပျိုးရေ များရရှိပါသည်။ မြစ်ဝှမ်းလွင်ပြင်များ၊ နုန်းတင်မြေနုကျွန်းများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြေပြန့်လွင်ပြင်များစွာကိုလည်း ပိုင်ဆိုင်ထားပါသည်။

အလားတူ ရိုးမတောင်တန်းကြီးများ၊ ကုန်းမြင့်ဒေသများတွင် အဖိုးတန် ကျွန်း၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း စသည့်အဖိုးတန်သစ်တော၊ ဝါးတောကြီးများရှိပါသည်။ သဘာဝတွင်းထွက်သတ္တုများနှင့် အဖိုးတန်ကျောက်မျက်ရတနာများ ပေါကြွယ်ဝပါသည်။ နိုင်ငံတော်၏ ပိုင်နက်နယ်နိမိတ်အတွင်း ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်း၊ ပင်လယ်၊ သမုဒ္ဒရာကြီးများမှ ရေထွက်ပစ္စည်းများကို ထုတ်ယူသုံးစွဲနိုင်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံတော်သည် လယ်ယာ၊ သစ်တော၊ သားငါး၊ သတ္တုကဏ္ဍ အရင်းအမြစ်များစွာကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး လူဦးရေ၏ ၄၅ ဒသမ ၃ ရာခိုင်နှုန်းသည် လယ်ယာ၊ သားငါး၊ သစ်တောများနှင့်နီးနွှယ်သည့် လုပ်ငန်းများကို လုပ်ကိုင်နေကြပါသည်။ နိုင်ငံတော်၏ ပြည်တွင်းထုတ်လုပ်မှု အသားတင်တန်ဖိုး၏ ၃၃ ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန်များ၏ ၂၆ ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍမှရရှိပါသည်။

နိုင်ငံတော်က ပိုင်ဆိုင်ထားသည့် သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချပြီး စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်မြှင့်တင်၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ပါက ယခုထက် ပိုမိုတိုးတက်အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဝင်ငွေတိုးတက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ပြုန်းတီးမှုများမှ ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် အချို့သော တောင်သူလယ်သမားများက မိရိုးဖလာစိုက်ပျိုးရေးနည်းလမ်းများကို မစွန့်လွှတ်နိုင်သေးဘဲ သမားရိုးကျနည်းစနစ်များကိုသာ အသုံးပြုနေကြဆဲဖြစ်ပါသည်။ မိမိတို့လယ်ယာထွက်ကုန်သီးနှံများကို တိုက်ရိုက်ထုတ်လုပ်ရောင်းချနေကြဆဲဖြစ်ပါသည်။ လယ်ယာသားငါး ထွက်ကုန်များကို ခေတ်မီနည်းစနစ်များဖြင့် ပြုပြင်စီမံ၍ ကုန်ချောထုတ်လုပ်ရန် စိတ်ဝင်စားမှုအားနည်းနေကြသည်။ အလွယ်တကူငွေပေါ်မည့် ကုန်ကြမ်းထုတ်လုပ်သည့်အဆင့်၌သာ တင်းတိမ်ရောင့်ရဲနေကြဆဲဖြစ်ပါသည်။

ထုတ်ကုန်များကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်၍ အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရန် အားနည်းနေခြင်း၊ လက်ရှိအခြေအနေအပေါ်၌သာ ကျေနပ်နေကြခြင်းကြောင့် လယ်ယာသားငါးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေပြီး ခေတ်နောက်ကျနေပါသည်။

ပြည်သူအများစုမှာလည်း ပြည်ပမှ ခေတ်မီထုတ်ကုန်များအပေါ် မှီခိုအားထားမှုများနေကြခြင်းကြောင့် နိုင်ငံခြားသုံးငွေများစွာ ပြင်ပသို့စီးဆင်းနေပါသည်။ ဤအခြေအနေသည် လူဦးရေနည်းပါးစဉ်က မသိသာသော်လည်း တိုးတက်လာသည့် လူဦးရေ အချိုးအစားများအရ စီးပွားရေးကျပ်တည်းမှုများကို မလိုလားအပ်ဘဲ ရင်ဆိုင်လာရမည်ဖြစ်ပါသည်။

### လူဦးရေတိုးတက်ပြောင်းလဲလာမှု

မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်ပြောင်းလဲလာမှုများကို လေ့လာကြည့်ပါက ၁၈၉၁ ခုနှစ်တွင် ၇ ဒသမ ၇ သန်း၊ ၁၉၀၁ ခုနှစ်တွင် ၁၀ ဒသမ ၅ သန်း၊ ၁၉၂၁ ခုနှစ်တွင် ၁၃ ဒသမ ၂ သန်း၊ ၁၉၇၃ ခုနှစ်တွင်၂၈ ဒသမ ၉ သန်း၊ ၁၉၈၃ ခုနှစ်တွင် ၃၅ ဒသမ ၃ သန်းအထိ တိုးမြင့်လာပြီး ၂၀၁၄ ခုနှစ်တွင် ၅၁ ဒသမ ၅ သန်း ရှိလာခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် စာရင်းမကောက်ယူနိုင်သည့် ဒေသများအတွက် ခန့်မှန်းတွက်ချက်မှုများအပါအဝင် မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၁ ဒသမ ၃ သန်းကျော်ဖြစ်သည့်အတွက် လွန်ခဲ့သည့် ၁၀ နှစ်ကထက် အနည်းငယ်လျော့နည်းနေသည်ဟု သိရပါသည်။

ယေဘုယျအားဖြင့် ၁၀ နှစ်တစ်ကြိမ် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများအရ လူဦးရေတိုးတက်လာသော်လည်း တိုးတက်လာသည့် လူဦးရေနှင့် ကုန်ထုတ်လုပ်မှု အချိုးအစားမမျှခြင်း၊ ထုတ်ကုန်တိုးတက်မှုအားနည်းပြီး ကုန်ကြမ်းအဆင့် ထုတ်လုပ်မှုအပေါ်သာ အားစိုက်နေခြင်းများနှင့် ဆက်စပ်ကာ ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းများ ဖြစ်ပေါ်နေရခြင်း ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ထွက်ကုန်များကို မိရိုးဖလာအဆင့်မှ ခေတ်မီအဆင့်မြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ရန် လိုအပ်ပါသည်။ သို့မှသာ လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို လုပ်သလောက်အကျိုးခံစားနိုင်မည် ဖြစ်ပါသည်။

> ❄ **စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်လာစေရန် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသည့် နည်းလမ်းလေးသွယ်ကို စနစ်တကျ အသုံးချစိုက်ပျိုးကြရပါမည်။ ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များရွေးချယ်မှု၊ မြေယာပြုပြင်မှု၊ ရေစီမံခန့်ခွဲမှု၊ မြေဆီလွှာစီမံခန့်ခွဲမှု၊ ပိုးမွှားအန္တရာယ်ကာကွယ်မှု၊ ရိတ်သိမ်းခြွေလှေ့မှု၊ အခြောက်ခံမှု၊ သိုလှောင်မှုနည်းစနစ်များကို စနစ်တကျလုပ်ဆောင်သွားကြရမည်**
>
> ❄ **မွေးမြူရေးကဏ္ဍတွင်လည်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်ခြင်း၊ သီးခြားမွေးမြူရေးဇုန်များထူထောင်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူခြင်း၊ အစာနှင့်ရေကို စနစ်တကျတိုက်ကျွေးခြင်း၊ ခေတ်မီ မွေးမြူရေးနည်းစနစ်များကိုလေ့လာ၍ လက်တွေ့အကောင်အထည်ဖော်**

လယ်ယာထွက်ကုန်များ တိုးတက်လာစေရန် မြေယာပြုပြင်ခြင်းများကို စနစ်တကျဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများကိုအချိုးကျပေါင်းစပ်သုံးစွဲခြင်း၊ စိုက်ပျိုးရေ၊ အောင်ရေ ရရှိရေးကို အလေးထားဆောင်ရွက်ခြင်း၊ တစ်သီးစိုက်လယ်မြေများကို သီးထပ်စိုက်ပျိုးနိုင်ရန် ပြောင်းလဲဆောင်ရွက်ခြင်း၊ စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်နည်းပါးအောင် ဆောင်ရွက်ခြင်း၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ဇုန်များခွဲ၍ စိုက်ပျိုးခြင်းများကို ဆောင်ရွက်ကြရပါမည်။

အဓိကစိုက်ပျိုးရေးထွက်ကုန်ဖြစ်သည့် စပါးအထွက်နှုန်းကောင်းမွန်ရေးနှင့် ပြည်တွင်း ပြည်ပဈေးကွက်ဝင် ဝယ်လိုအားကောင်းမည့် အရည်အသွေးကောင်းမျိုးများကို စိုက်ပျိုးရပါမည်။ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်လာစေရန် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသည့် နည်းလမ်းလေးသွယ်ကို စနစ်တကျ အသုံးချစိုက်ပျိုးကြရပါမည်။ ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များရွေးချယ်မှု၊ မြေယာပြုပြင်မှု၊ ရေစီမံခန့်ခွဲမှု၊ မြေဆီလွှာစီမံခန့်ခွဲမှု၊ ပိုးမွှားအန္တရာယ်ကာကွယ်မှု၊ ရိတ်သိမ်းခြွေလှေ့မှု၊ အခြောက်ခံမှု၊ သိုလှောင်မှုနည်းစနစ်များကို စနစ်တကျလုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။

ဒုတိယ လယ်ယာထွက်ကုန်ဖြစ်သည့် စားသုံးဆီများကို ပြည်ပနိုင်ငံများမှ တင်သွင်းနေရဆဲဖြစ်၍ နိုင်ငံခြားငွေသုံးစွဲရခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံများကို တိုးချဲ့ထုတ်လုပ်နိုင်ပါက ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးနိုင်မည့်အပြင် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ကြမည်ဖြစ်ပါသည်။ စားသုံးဆီကုန်ကြမ်းများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စသည်တို့ကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထုတ်လုပ်ရန်လည်း လိုအပ်ပါသည်။

အခြားစိုက်ပျိုးသီးနှံများဖြစ်ကြသည့် ဂျုံ၊ ပြောင်း၊ ကြံ၊ ပဲမျိုးစုံ၊ ကော်ဖီ၊ ဂုန်လျှော်၊ ငရုတ်ကောင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကိုလည်း မြေလွတ်မကျန်အောင် စိုက်ပျိုးကြရပါမည်။ ကော်ဖီသည် ပြည်ပဈေးကွက်ဝင်သီးနှံတစ်မျိုးဖြစ်ရာ ယခင်က ကုန်းမြင့်ကော်ဖီများကိုသာ စိုက်ပျိုးကြပါသည်။ ယခုအခါ မြေနိမ့်ကော်ဖီအမျိုးအစားဖြစ်သည့် ရိုဘက်စတာကော်ဖီမျိုးများကို မြေပြန့်ဒေသများတွင် စိုက်ပျိုးထုတ်လုပ်နိုင်ပါက ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပပို့ကုန်အဖြစ်ပါ ထုတ်လုပ်ရောင်းချနိုင်မည် ဖြစ်ပါသည်။ ရိုဘက်စတာကော်ဖီမျိုးများကို မြေပြန့်ဒေသများတွင် စိုက်ပျိုးထားသည့် နှစ်ရှည်သီးနှံပင်များဖြစ်ကြသည့် သရက်၊ ရော်ဘာ၊ ကွမ်းသီး၊ ဒူးရင်းခြံများတွင် သီးညှပ်အဖြစ် စိုက်ပျိုးနိုင်ပါက ဝင်ငွေများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါသည်။

### ပြည်တွင်းအထည်အလိပ်များကို အရည်အသွေးပြည့်မီအောင်ထုတ်လုပ်

အများစုက ပြည်ပအထည်များကို ဝယ်ယူဝတ်ဆင်နေကြပါသည်။ ပြည်တွင်းမှထွက်ရှိသည့် ဝါကုန်ကြမ်းများသည် ပြည်တွင်းသုံးစွဲမှု လုံလောက်သည့်အနေအထားတွင်ရှိသဖြင့် ပြည်ပမှ တင်သွင်းသည့်အထည်များကို လျှော့ချနိုင်ရန် ပြည်တွင်းအထည်အလိပ်များကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ရပါမည်။ နိုင်ငံတော်က ဝါသီးနှံအထူးဇုန်များသတ်မှတ်၍ တစ်ဧကလျှင် ပိဿာ ၇၀၀ ထွက်ရှိရေး၊ အရည်အသွေးကောင်းမွန်သည့် ဝါနှင့် ဂွမ်းများထွက်ရှိရေးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်တွင်းထွက် ဝါကုန်ကြမ်းများကို အသုံးပြု၍ အဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်ရန် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်ရုံများ အဆင့်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မွေးမြူရေးကဏ္ဍတွင်လည်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်ခြင်း၊သီးခြားမွေးမြူရေးဇုန်များထူထောင်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူခြင်း၊ အစာနှင့်ရေကို စနစ်တကျတိုက်ကျွေးခြင်း၊ ခေတ်မီမွေးမြူရေးနည်းစနစ်များကိုလေ့လာ၍ လက်တွေ့အကောင်အထည်ဖော်ကြရပါမည်။

ပင်လယ်ထွက်ကုန်များကိုလည်း ပြည်တွင်းစားသုံးမှုအပြင် ပြည်ပသို့တင်ပို့နိုင်ရန် အဆင့်မြင့်ထုပ်ပိုးမှုပုံစံများဖြင့် ထုတ်လုပ်ရောင်းချခြင်းကြောင့် နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလာစေမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ရေသယံဇာတပေါကြွယ်ဝသည့်နိုင်ငံဖြစ်ခြင်းကြောင့် ပင်လယ်ထွက်ကုန်များကို အဆင့်မြှင့်တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတကာဈေးကွက်၌ တွင်ကျယ်သည့် ထုတ်ကုန်တစ်ခုအဖြစ် ရရှိနိုင်မည်ဖြစ်ပါသည်။ **စာမျက်နှာ ၇ သို့** ❖

## အစိုးရဓမ္မာစရိယစာမေးပွဲ (ပထမနေ့)ကျင်းပ

နေပြည်တော် မတ် ၂၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့(ပထမနေ့)အဖြစ် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၁၃၁၇၈ ပါး/ဦးအနက် ၁၁၂၄၅ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၅ ဒသမ ၃၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်



## ရေးမြို့နယ်၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပ

ရေး မတ် ၂၃

၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် ရေးမြို့နယ် တူးမြောင်း ကျေးရွာအုပ်စု ကျိုက်ဒေတမော့ ဇရတ်ကျောင်းတိုက်၌ ကျင်းပခဲ့ရာ ကျောင်းတိုက်အသီးသီးမှ စာဖြေသံဃာတော်များက ဝင်ရောက်ဖြေဆိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သြဝါဒစရိယ လမိုင်းမြို့ အောင်မင်္ဂလာ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘဏက သြဝါဒကထာ ချီးမြှင့်ပြီး ရေးမြို့နယ် မရမ်းကျောင်းတိုက်မှ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ အရှင်ပညာဇောတက စာမေးပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းမိန့်ကြားသည်။



ဆက်လက်၍ ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ကျင်းပရာ ကျောင်းတိုက်အသီးသီးမှ စာဖြေသံဃာတော်များ ဝင်ရောက်ဖြေဆိုနေမှုကို ဆရာတော်ကြီးများက လှည့်လည်ကြည့်ရှု အားပေးပြီး ရေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင် ဦးဆောင်၍ မြို့နယ်စီမံအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆွမ်းကွမ်းဝေယျာဝစ္စ အဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်သည်။

ရေးမြို့နယ်အနေဖြင့် ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲတွင် စာဖြေသံဃာ ၁၂၃၅ ပါးတို့က မတ် ၂၃ ရက်မှ ၃၁ ရက်အထိ ဝင်ရောက် ဖြေဆိုကြမည်ဖြစ်ပြီး အလားတူ ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

## ဒေးဒရဲမြို့နယ်၌ အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၂၀၀ ကျော်တို့အား ပူဇော်ကန်တော့

ရန်ကုန် မတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ထိုင်ကူမြစ်တန်းကျေးရွာတွင် အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၂၀၀ ကျော်တို့အား ပူဇော်ကန်တော့ပွဲကို မတ် ၂၂ ရက် နံနက်ပိုင်းက ကျောင်းသစ်ကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ ရောရွှေမြေဆရာတော် ဒေါက်တာ ဘဒ္ဒန္တဥတ္တမသီရိထံမှ ငါးပါးသီလနှင့် အနုမောဒနာတရား နာယူဆောက်တည်ကြသည်။ ဆက်လက်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တ နိမလက သြဝါဒကထာချီးမြှင့်သည်။ အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဒေးဒရဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြသိန်းမောင်က ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ပင့်ဖိတ်ထားသော သံဃာတော်အရှင်သူမြတ်တို့အား နဝကမ္မနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဒေးဒရဲမြို့နယ်ရှိ ကျေးရွာများမှ အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွား ၂၀၀ ကျော်တို့အား ဆေးဝါးပစ္စည်း၊ စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ဗလ

## အင်းစိန်မြို့နယ်၌ ၂၀၂၆ ခုနှစ် စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မလမ်းရှိ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝဇီရသာသနာဗိမာန်တော်ကြီး၌ ယမန်နေ့မွန်းလွဲ ၃ နာရီက ၂၀၂၆ ခုနှစ် စူဠဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒစရိယ နိုင်ငံတော်သြဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်အဓိပတိ မဟာနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ဉာဉ့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆရာတော်ကြီးများနှင့်



၁၃၈၆ ခုနှစ် (၂၀၂၅ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲများတွင် ဖြေဆိုအောင်မြင်တော်မူခဲ့ကြသော သံဃာတော်များနှင့် သီလရှင်ဆရာလေးများ စုစုပေါင်း ၃၀၉ ပါးအား လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများနှင့် အောင်လက်မှတ်များကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

မြင့်ဦး



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ရှိ "ဒို့လယ်သမား" ဆန်စက်နှင့် အခြားစက်ရုံ၊ အလုပ်ရုံများကို မတ် ၂၃ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်း ဦးဆောင်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသစ္စာထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံ၊ အလုပ်ရုံများ၌ မီးသတ်ဆေးဘူးထားရှိမှု၊ လျှပ်စစ်သွယ်တန်းသုံးစွဲမှု၊ မီးသုံးစွဲမှု၊ မီးဘေးတားဆီးကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှုများကို စစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

ဝင်းကြိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဇဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်(CEIR)အကြောင်း အသိပညာပေးဟောပြောပွဲကို မတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ပြုလုပ်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်စုလှဖြူက ဟောပြောစဉ်။

စမ်းချောင်း(ပြန်/ဆက်)

❖ စာမျက်နှာ ၆ မှ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏စီးပွားရေး အခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုသည့် မူဝါဒနှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်စေရန် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်ဆောင်ရွက်ပေးထားပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကိုဖွဲ့စည်း၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းထုတ်ကုန်အားပေးရေး၊ သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်ရရှိရေး ရည်ရွယ်ချက်များဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်မှ ၁၃ ရက်နေ့အထိ ကျင်းပခဲ့ရာ ထုတ်ကုန်အများစုကို အဆင့်မီစွာ ထုတ်လုပ်လာနိုင်သည်ကို မြင်တွေ့ရပါသည်။ ထိုပြပွဲများမှတစ်ဆင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုတိုးပွားလာပါက ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသတစ်ခုက ဖြည့်ဆည်းလာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် အားနည်းချက်၊ အားသာချက်များကို ပြင်ဆင်၍ ထုတ်လုပ်လာနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အရည်အသွေးပြည့်ဝသည့် အဆင့်မြင့်ထုတ်ကုန်များကိုလည်း ပြည်တွင်း၌သာမကဘဲ ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်၍ နိုင်ငံခြားဝင်ငွေများလည်း ရရှိလာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒမှာ ပြည်တွင်းစီးပွားရေးကိုအားပေးခြင်းနှင့် ကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို မြှင့်တင်ပေးခြင်းသည် တောင်သူလယ်သမားများ၏ လူနေမှုဘဝကို မြင့်မားလာစေမည့်အပြင် ပြည်သူတစ်ရပ်လုံးကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ခံစားကြရပါမည်။ သို့ဖြစ်၍ နိုင်ငံတော်၏ စီးပွားရေးတိုးတက်လာစေရန် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# (၆၆)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



နေပြည်တော် မတ် ၂၃

(၆၆)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းနယ်ပယ်နှင့် သက်ဆိုင်သည့်ဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

**တိုက်တွန်းပြောကြား**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ် မတ် ၂၃ ရက်ရောက်တိုင်း ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပကြောင်း၊ ယခု ၂၀၂၆ ခုနှစ် ကမ္ဘာ့မိုးလေဝသနေ့ဆောင်ပုဒ်သည် "သဘာဝဘေးကာကွယ်ဖို့နေ့စဉ်တိုင်းတာ စောင့်ကြည့်စို့" (Observing Today, Protecting Tomorrow) ဖြစ်ကြောင်း၊ လက်ရှိကမ္ဘာတစ်ဝန်းတွင် မြေငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်းနှင့် တောမီးလောင်ကျွမ်းခြင်းများကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုတိုးလာနေသဖြင့် နေ့စဉ်စောင့်ကြည့် တိုင်းတာခြင်းနှင့်အတူ ကြိုတင်ပြင်ဆင်ခြင်းဖြင့် ပြည်သူများ၏အသက် အိုးအိမ်စည်းစိမ်များကို ကာကွယ်ရန်အရေးကြီးကြောင်း၊ သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် မိုးလေဝသနှင့် ဇလဗေဒသတင်းများကို နေ့စဉ်စောင့်ကြည့်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရာတွင် အရေးကြီးဆုံးအချက်မှာ "တိကျသော တိုင်းတာရေးမှတ်တမ်းအချက်အလက်" များသာ ဖြစ်ကြောင်း၊ သဘာဝဘေးကာကွယ်ရေးသည် အစိုးရ သို့မဟုတ် အဖွဲ့အစည်းတစ်ခုချင်းစီတို့မှ ဆောင်ရွက်ခြင်းထက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ခြင်းဖြင့် အနာဂတ်ကာလများတွင် သဘာဝဘေးအန္တရာယ်များကြောင့် အသက်၊ အိုးအိမ်ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်နိုင်မည်ဖြစ်သောကြောင့် သဘာဝဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများတွင် အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနား ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သော သဝဏ်လွှာဗီဒီယိုနှင့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်တို့ကို ကြည့်ရှုအားပေးပြီး ဧည့်သည်တော်များနှင့်အတူ ခင်းကျင်းပြသထားသည့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစီး၍ မိုးလေဝသ၊ ဇလဗေဒ၊ ငလျင်ဘာသာရပ်ဆိုင်ရာ စာတမ်း ၂၈ စောင်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ လက်အောက်ရှိ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံမြေငလျင်ကော်မတီနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းတို့မှ ပညာရှင်များ၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၆ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် သုံးနေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide($NO_2$)၊ Ozone($O_3$) နှင့် Carbon Monoxide(CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထု အရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်



နေပြည်တော် မတ် ၂၃

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဗဟိုလေ့ကျင့်ရေးကျောင်း၌ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းဝင်းအတွင်း၌ ဆောင်ရွက်သည်။

ယခုအခါ ပူပြင်းခြောက်သွေ့သော နွေရာသီကာလသို့ရောက်ရှိလာပြီဖြစ်သည့်အပြင် ပေါ့ဆမှုများကြောင့် မီးလောင်မှုများ မကြာခဏ ဖြစ်ပေါ်နေသည့်အတွက် ဗဟိုလေ့ကျင့်ရေးကျောင်းရှိ ရုံးပိုင်အဆောက်အအုံများ၊ သင်တန်းခန်းမများ၊ သင်ထောက်ကူပစ္စည်းများနှင့် အရေးကြီးစာရွက်စာတမ်းများ၊ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဗဟိုလေ့ကျင့်ရေး ကျောင်းမှ ကျောင်းအုပ်ကြီး ဦးကျော်ကိုသန်း ဦးဆောင်သည့် ဝန်ထမ်းများ၊ မိသားစုဝင်များ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဆွေးနွေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်မြို့နယ်အတွင်း ဆောင်းဆီထွက်သီးနှံ ဗီယက်နမ်မြေပဲမျိုး ရိတ်သိမ်း



ပြည် မတ် ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် တီတွဒ်စံပြကျေးရွာ ဇာတိမာန် လယ်/ထွေသမဝါယမအသင်း၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် လူမှုစီးပွားဘဝမြှင့်တင်ရေး သက်တန့်ရောင် စီမံကိန်းဖြင့် ဆောင်ရွက်သည့် အသင်းသားတောင်သူ ၂၀ စိုက်ပျိုးထားသော ဗီယက်နမ်မြေပဲမျိုး ၆၅ ဧကယနေ့ တွင် ရိတ်သိမ်းသည်။ ရိတ်သိမ်းမှု အခြေအနေကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၈၂ ဒသမ ၉၇ တင်း ထွက်ရှိပြီး ပန်းတိုင်အထွက်နှုန်း ကျော်လွန်၍ ထွက်ရှိကြောင်း သိရသည်။

သတင်းစဉ်

☆ ကျောဖုံးမှ

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၃)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။



ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေး သုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေး အတွက်



စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာ တည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများ




ကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၃)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော်



ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်တော်လည်း နိုင်ငံသားတစ်ယောက်တာဝန်ကျေဖို့အတွက် စစ်မှုထမ်းကို လာရောက်တာဝန်ထမ်းဆောင်တာ ဖြစ်ပါတယ်။ စစ်မှုထမ်းချင်တာလည်း ပါပါတယ်။ ဘယ်လိုခံယူထားလဲဆိုရင် တပ်မတော်သား တစ်ယောက်ဖြစ်သွားရင်တော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါမယ်။ ဆရာတွေ၊ နည်းပြတွေ သင်ကြား ပြသပေးတဲ့အတိုင်း ကောင်းကောင်းမွန်မွန် လေ့လာသင်ယူသွားမယ်လို့ ခံယူထားပါတယ်။ ကိုယ့်နိုင်ငံမှာ အခုလို တာဝန် ထမ်းဆောင်တာတော့ ကိုယ်ကိုယ်တိုင်လည်း တာဝန်ထမ်းဆောင်နေပါတယ်။ အများပြည်သူလည်း ထမ်းဆောင်သင့်ပါတယ်လို့ ကျွန်တော်အကြံပြုချင်ပါတယ်။ ပြောရရင် နှစ်နှစ်ပေါ့၊ နှစ်နှစ်ထက် ကျော်ရင်လည်း ကျော်သွားမှာပါ။ ကျွန်တော် ထပ်ပြီး တာဝန်ထမ်းဆောင်ဖို့လည်းရှိပါတယ်။ မိသားစုဆွေမျိုးတွေကတော့ ကျွန်တော် စစ်သားဖြစ်သွားလို့ ဂုဏ်ယူဖို့ပေါ့ ဒါပဲပြောချင်ပါတယ်။ တပ်မတော်သား တစ်ယောက်ဖြစ်သွားတဲ့အတွက် ကိုယ့်ကိုယ်ကိုလည်းဂုဏ်ယူပါတယ်။ ဒီလိုပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ဖို့အတွက် ကျွန်တော်ကိုယ်တိုင်လည်း တာဝန် ထမ်းဆောင်နေပါတယ်။ ကျန်တဲ့ နိုင်ငံသားတိုင်း အကုန်လုံး တာဝန်ထမ်းဆောင်ဖို့အတွက် အကြံပြုချင်ပါတယ်။

၂။ ဝင်ချင်တဲ့ စိတ်ဆန္ဒတစ်ခုတည်းနဲ့လာခဲ့တာ။ ကိုယ့်အိမ်ကလည်း သဘောတူပါတယ်။ နောက်က မိသားစုကလည်း ကိုယ်ဒီထဲကို ဝင်လာတဲ့အတွက် ကိုယ့်ကို ဂုဏ်ယူပေးတယ်။ ကိုယ်ကလည်း ဒီထဲရောက်လာတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ပီတိဖြစ်မိတယ်။ ကိုယ့်ဝါသနာနဲ့ လာတာဆိုတော့ ပိုပြီးလည်း ပျော်မိတယ်။ ကိုယ်ကလည်း အလွန်ဝါသနာပါတာ ဆိုတော့ မိဘတွေလည်း ဂုဏ်ယူပါတယ်။ သင်ကြားပေးတဲ့ ဆရာသမားတွေရဲ့ သင်တန်းသားကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားသွားပါမယ်။ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်သွားမှာပါ။ စစ်မှုထမ်းရမယ့် လူငယ်တိုင်းကိုလည်း ဒီကနေပြီးတော့ ဖိတ်ခေါ်ပါတယ်။ **သတင်းစဉ်**

## စွမ်းရည်ပြည့် တို့တပ်မတော်

- တို့တပ်မတော် အင်အားပြည့်
  ထင်ရှားသည့် ကြည်း၊ ရေ၊ လေ
  သင်ကြားသည့် နည်းအထွေထွေ
  ခရီးရှည် လျှောက်သွား။
  အောင်မြဲတည့် အောင်ဇွဲသန်သည်
  အောင်ပွဲခံ အောင်စိတ်တည်ပွား။
- ဖွံ့ဖြိုးလို့ တိုးပွားလျှံအောင်
  နိုးကြားဉာဏ် ရှိသား။
  ဘိုးဘွားစံ တစ်မိဖွားတွေမို့
  ကတိစကား ခိုင်ကျည်။
  တို့နိုင်ငံ စည်သာအေးဖို့
  ပြည်ရွာအရေး စောင့်ကြပ်နေသည်။
- သမ္မာက ကမ္ဘာတည်တယ်
  အာဇာနည် မျိုးရိုးမို့
  တိုးတိုးလို့ လှမ်းချီကာ
  ထမ်းရွက်ညီညာ။
  စွမ်းရည်ပြည့် စစ်အင်္ဂါရယ်
  သစ်လွင်ကာ ခေတ်မီလို့လေး…။
- ဗျူဟာမြောက် ပွဲတွေ့သာအောင်
  မြဲလေ့လာ ဆည်းပူးလို့လေး….။
- လေ့ကျင့်မှု အစဉ်တစိုက်ပါကွယ်
  အစဉ်လိုက်နာ ကျင့်သုံးလို့လေး…..။ ။

ရေနံ့သာမောင်ကျော်ညွန့်



ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

၁

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ

- ➢ တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- ➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက် မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ➢ မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ➢ ရေများများသောက်ပါ။



၂

## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- ➢ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ➢ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ➢ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- ➢ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- ➢ အလွန်အမင်းရေဆာခြင်း၊
- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ တက်ခြင်း၊ သတိလစ်ခြင်း။

၄

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက -

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ် ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- ➢ သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ➢ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ➢ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- ➢ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

၅

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- ➢ လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- ➢ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ➢ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ➢ လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- ➢ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- ➢ လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ
ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့
အမြန်ဆုံး သွားရောက်ပြသပါ။

၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# နွေအပူဒဏ်ကို အန်တုခြင်းနှင့် ကျန်းမာကြံ့ခိုင်သောလူနေမှုဘဝ

လွန်းပိုးအိမ်

ကမ္ဘာ့အပူချိန် မြင့်မားလာမှုနှင့်အတူ မြန်မာနိုင်ငံ၏ နွေရာသီသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်လာပါသည်။ နေရောင်ခြည်၏ တိုက်ရိုက်ကျရောက်မှုနှင့် ပူပြင်းခြောက်သွေ့သောလေထုကြောင့် လူသားတို့၏ ခန္ဓာကိုယ်တွင်း ဇီဝကမ္မဖြစ်စဉ်များကို များစွာအနှောင့်အယှက်ပေးလျက်ရှိသည်။ အထူးသဖြင့် ချွေးထွက်လွန်ခြင်းကြောင့် ခန္ဓာကိုယ်တွင်းရှိ ရေနှင့်သတ္တုဓာတ်များ ဆုံးရှုံးရုံသာမက သွေးကြောများကျယ်လာကာ သွေးပေါင်ကျခြင်း၊ မူးဝေခြင်းနှင့် အသက်အန္တရာယ်ရှိနိုင်သည့် အပူလျှပ်ခြင်း (Heat Stroke) အထိ ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် နွေရာသီ၏ ဘေးထွက်ဆိုးကျိုးများကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကျန်းမာစွာဖြတ်သန်းနိုင်ရန်အတွက် အထူးအလေးထားလိုက်နာရန် လိုအပ်ပါသည်။



**❛နွေရာသီ၏ အပူဒဏ်သည် ကျန်းမာရေးအပေါ် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ သို့သော်လည်း စနစ်တကျ ရေဓာတ်ဖြည့်တင်းခြင်း၊ သင့်တော်သော အနေအထိုင်၊ အစားအသောက်များကို ရွေးချယ်ခြင်းနှင့် အရေးပေါ်လက္ခဏာများကို သိရှိနားလည်ခြင်းဖြင့် အပူဒဏ်ကို အောင်မြင်စွာကျော်လွှားနိုင်ပါသည်။ ကျန်းမာရေးအသိသတိဖြင့် နေထိုင်ခြင်းသည် ဆေးကုသခြင်းထက် ပိုမိုထိရောက်❜**

### ရေဓာတ်ဖြည့်တင်းခြင်း၏ အသက်သွေးကြော

လူ့ခန္ဓာကိုယ်၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ရေဓာတ်ဖြစ်ပြီး နွေရာသီတွင် ချွေးအဖြစ် အလွန်အမင်း ဆုံးရှုံးတတ်ပါသည်။ ထို့ကြောင့် ရေငတ်သည်အထိ မစောင့်ဘဲ တစ်နေ့လျှင် အနည်းဆုံး ရေသုံးလီတာခန့်ကို ပုံမှန်ခွဲ၍ သောက်သုံးခြင်းဖြင့် ဆုံးရှုံးသွားသော အရည်များကို အချိန်မီ ဖြည့်တင်းပေးရမည် ဖြစ်ပါသည်။

### သွေးပေါင်ကျခြင်းနှင့် အပူဒဏ်ဆက်နွယ်မှု

အပူရှိန်ပြင်းသောအခါ ခန္ဓာကိုယ်က အပူစွန့်ထုတ်ရန် သွေးကြောများကို ချဲ့လိုက်ရသဖြင့် သွေးဖိအား ရုတ်တရက်ကျဆင်းသွားတတ်ကြောင်း သိရှိရပါသည်။ ထိုအခြေအနေကြောင့် ဦးနှောက်သို့ သွေးရောက်ရှိမှုလျော့နည်းကာ မူးဝေခြင်း၊ မျက်စိပြာခြင်းနှင့် သတိလစ်ခြင်းများ ဖြစ်ပေါ်နိုင်သည်ကို လေ့လာသိရှိရသဖြင့် ဂရုပြုသင့်ပါသည်။

### ဓာတ်ဆားရည်ကို စနစ်တကျသောက်သုံးခြင်း

ချွေးထွက်သည့်အခါ ရေသာမက ဆိုဒီယမ်နှင့် ပိုတက်စီယမ်ကဲ့သို့သော ဓာတ်ဆားများပါ ဆုံးရှုံးသွားတတ်ပါသည်။ သာမန်ရေသက်သက်ထက် ဓာတ်ဆားရည်ကို ချင့်ချိန်သောက်သုံးပေးခြင်းဖြင့် ခန္ဓာကိုယ်၏ လျှပ်စစ်ဓာတ်စီးဆင်းမှုနှင့် ကြွက်သားလုပ်ဆောင်ချက်များကို ပိုမိုတည်ငြိမ်စေကြောင်း လေ့လာသိရှိရပါသည်။

### နေရောင်ခြည် အပြင်းဆုံးအချိန်ကို ရှောင်ရှားခြင်း

နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအတွင်းသည် ခရမ်းလွန်ရောင်ခြည်အပြင်းဆုံးနှင့် အပူရှိန်အမြင့်ဆုံးအချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် အပြင်ထွက်ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်းသည် အပူဒဏ်ကြောင့်ဖြစ်သော ဝေဒနာများကို ကာကွယ်ရန် အထိရောက်ဆုံး နည်းလမ်းဖြစ်ပါသည်။

### လေဝင်လေထွက်နှင့် အဝတ်အထည်ရွေးချယ်မှု

နွေရာသီတွင် အသားအရေကို လေဝင်လေထွက်ကောင်းစေရန် ချည်သား(Cotton)အထည်များကိုသာ ဦးစားပေးဝတ်ဆင်သင့်ပါသည်။ ကျပ်လွန်းသော အဝတ်အစားများ သို့မဟုတ် နိုင်လွန်ထည်များသည် အပူကို လှောင်ထားတတ်သဖြင့် ခန္ဓာကိုယ်အပူချိန်ကို ပိုမိုမြင့်တက်စေနိုင်ပါသည်။

### အပူဒဏ်ကြောင့် နွမ်းနယ်ခြင်း (Heat Exhaustion) လက္ခဏာများ

ခန္ဓာကိုယ် ပူရှိန်းရှိန်းဖြစ်ခြင်း၊ ပျို့အန်ချင်ခြင်းနှင့် အားအင်ကုန်ခန်းခြင်းတို့သည် အပူဒဏ်ကြောင့် နွမ်းနယ်ခြင်း၏ ရှေ့ပြေးလက္ခဏာများဖြစ်ကြောင်း သိရှိရပါသည်။ ထိုသို့ဖြစ်ပါက ချက်ချင်း အေးမြသောနေရာသို့ရွှေ့ပြောင်းကာ အနားယူရန် လိုအပ်မည် ဖြစ်ပါသည်။

### အရေပြားကို နေလောင်ဒဏ်မှ ကာကွယ်ခြင်း

နေရောင်နှင့် တိုက်ရိုက်ထိတွေ့ပါက အရေပြား နီမြန်းခြင်း၊ ဖောင်းကြွခြင်းနှင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်ခြေရှိကြောင်း လေ့လာမှတ်သားရပါသည်။ ထို့ကြောင့် နေလောင်ကာခရင်မ်ကို လိမ်းခြင်း၊ ထီးနှင့်ဦးထုပ်ဆောင်းခြင်းတို့ကို အလေ့အကျင့်ပြုလုပ်ပါက ကျန်းမာရေးအတွက် အထူးကောင်းမွန်မည် ဖြစ်သည်။

### အစာအာဟာရကို ပေါ့ပေါ့ပါးပါးစားသုံးခြင်း

အဆီအအိမ့်နှင့်အသားဟင်း၊ အငန် အလေးအပင်များကို စားသုံးခြင်းက အစာခြေစနစ်ကို အလုပ်ပိုစေပြီး ကိုယ်တွင်းအပူချိန်ကို မြင့်တက်စေနိုင်ကြောင်း သိရှိမှတ်သားရပါသည်။ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို ဦးစားပေးစားခြင်းက ခန္ဓာကိုယ်ကို ပိုမိုပေါ့ပါးလန်းဆန်းစေနိုင်ပါသည်။ အစာအာဟာရကိုလည်း မိမိခန္ဓာကိုယ်နှင့် အချိုးအစားကျနစွာ စားသုံးခြင်းသည် ကျန်းမာရေးကို ပိုမိုကောင်းမွန်စေပါသည်။

### အငန်ဓာတ်နှင့် ရေဓာတ် ဟန်ချက်ညီမှု

အငန်ကဲသော အစားအစာများသည် ဆဲလ်များအတွင်းရှိ ရေဓာတ်ကို ဆွဲထုတ်လိုက်သဖြင့် ရေငတ်ခြင်းကို ပိုမိုဆိုးရွားစေပါသည်။ နွေရာသီတွင် ငါးပိ၊ ငါးခြောက်နှင့် အသင့်စား မုန့်ထုပ်များကဲ့သို့သော အငန်ကဲသည့် အရာများကို တတ်နိုင်သမျှ လျှော့စားသင့်ပါသည်။

### ကဖင်းဓာတ်နှင့် အယ်လ်ကိုဟော၏ ဆိုးကျိုးများ

ကော်ဖီ၊ လက်ဖက်ရည်နှင့် အရက်သေစာများသည် ဆီးရွှင်စေသော အာနိသင်ရှိသဖြင့် ခန္ဓာကိုယ်ထဲရှိ ရေဓာတ်ကို အပြင်သို့ ထုတ်ပစ်ခြင်းဖြစ်ပါသည်။ ၎င်းတို့ကို အလွန်အကျွံသောက်သုံးခြင်းဖြင့် ရေဓာတ်ခန်းခြောက်မှုကို မြန်ဆန်စေပြီး သွေးပေါင်ကျခြင်းကို အားပေးနိုင်ကြောင်း သိရှိမှတ်သားခဲ့ရပါသည်။

### ခန္ဓာကိုယ်အပူချိန်ကို ရေချိုးခြင်းဖြင့် ထိန်းညှိခြင်း

တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ် ပုံမှန်ရေချိုးပေးခြင်းက အရေပြား၏အပူချိန်ကို လျှော့ချပေးပြီး စိတ်လက်ကြည်လင်စေကြောင်း သိရှိရပါသည်။ သို့သော် နေပူထဲမှ ပြန်လာလျှင် ချက်ချင်း ရေမချိုးဘဲ ခန္ဓာကိုယ်အပူချိန် အနည်းငယ်ကျဆင်းသွားသည်အထိ စောင့်ဆိုင်းခြင်းသည် သင့်လျော်ပြီး ကျန်းမာရေးထိခိုက်မှုကို လျော့နည်းစေနိုင်ပါသည်။

### နေအိမ်နှင့် ပတ်ဝန်းကျင် အေးမြအောင်ထားရှိခြင်း

နေအိမ်အတွင်း နေရောင်တိုက်ရိုက်မဝင်စေရန် လိုက်ကာများ ပိတ်ထားခြင်းနှင့် လေဝင်လေထွက်ကောင်းမွန်အောင်ပြုလုပ်ခြင်းက အရေးကြီးပါသည်။ ညဘက်တွင် ပြတင်းပေါက်များ ဖွင့်ထားခြင်းသည် အခန်းတွင်း အပူအောင်းမှုကို လျှော့ချပေးနိုင်ပါသည်။

### အိပ်စက်အနားယူခြင်း၏ အကျိုးကျေးဇူး

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်နေသော အင်္ဂါအစိတ်အပိုင်းများကို ပြန်လည်ပြုပြင်ရန် လုံလောက်သောအိပ်စက်ခြင်းက မရှိမဖြစ် လိုအပ်ပါသည်။ ညဘက်တွင် အေးမြပြီး သက်သောင့်သက်သာရှိသောနေရာတွင် အိပ်စက်ခြင်းက နောက်တစ်နေ့အတွက် အားအင်ပြန်လည်ပြည့်ဖြိုးစေပါသည်။ နေရာထိုင်ခင်း ရွေးချယ်တတ်ခြင်းသည် ပူအိုက်သောရာသီတွင် သက်သောင့်သက်သာဖြစ်စေမှုကို ရရှိစေနိုင်ပါသည်။

### အကာအကွယ်မဲ့သော အုပ်စုများကို စောင့်ရှောက်ခြင်း

ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများသည် အပူဒဏ်ကို ခံနိုင်ရည်အားနည်းသဖြင့် ရေဓာတ်ခန်းခြောက်ခြင်းကို အလွန်မြန်မြန် ခံစားရတတ်ပါသည်။ ထို့ကြောင့် ၎င်းတို့ကို ရေပုံမှန်တိုက်ခြင်းနှင့် အေးမြသောနေရာတွင် နေထိုင်စေခြင်းဖြင့် အထူးဂရုစိုက်ရန် လိုအပ်ပါသည်။

### ရေဓာတ်ကြွယ်ဝသော သဘာဝအသီးအနှံများ

ဖရဲသီး၊ သခွားသီး၊ ကျွဲကောသီး စသည့် အသီးအနှံများတွင် ရေဓာတ်နှင့် ဗီတာမင်များ များစွာပါဝင်ပါသည်။ ၎င်းတို့ကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော အရည်ဓာတ်ကို သဘာဝအတိုင်း ရရှိစေနိုင်ပါသည်။

### ပြင်ပတွင် အလုပ်လုပ်ရသူများအတွက် ကျန်းမာရေး

လယ်ယာလုပ်ငန်း သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အလုပ်လုပ်ရသူများသည် အရိပ်ထဲတွင် ခဏခဏနားပေးရန် လိုအပ်ပါသည်။ အလုပ်နားချိန်တွင် ရေကိုသင့်လျော်သလို သောက်သုံးပေးရပါမည်။ လုံးဝရေမသောက်ဘဲ တစ်နေ့လုံး နေပူထဲတွင် အလုပ်မလုပ်သင့်ပေ။ အလုပ်လုပ်ချိန်ကို အပူချိန်လျော့နည်းသော မနက်စောစော သို့မဟုတ် ညနေပိုင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းက ပိုမိုဘေးကင်းစေနိုင်ပါသည်။

### မျက်စိကို ခရမ်းလွန်ရောင်ခြည်မှကာကွယ်ခြင်း

ပြင်းထန်သော နေရောင်ခြည်သည် မျက်စိအတွင်းတိမ်ဖြစ်ခြင်းနှင့် အမြင်အာရုံထိခိုက်ခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ အရည်အသွေးကောင်းမွန်သော နေကာမျက်မှန် (Sunglasses) တပ်ဆင်ခြင်းဖြင့် မျက်စိကျန်းမာရေးကို ထိန်းသိမ်းနိုင်ပါသည်။

### အပူလျှပ်ခြင်း (Heat Stroke) အရေးပေါ်အခြေအနေ

ခန္ဓာကိုယ်အပူချိန် ၁၀၄ ဒီဂရီဖာရင်ဟိုက်အထက်မြင့်တက်ခြင်း၊ ချွေးမထွက်တော့ခြင်းနှင့် သတိလစ်ခြင်းတို့သည် အသက်အန္တရာယ်ရှိသော အပူလျှပ်ခြင်းလက္ခဏာများဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။ ထိုသို့ဖြစ်ပါက လူနာကိုချက်ချင်း အအေးပေးပြီး ဆေးရုံသို့ အမြန်ဆုံး ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း လေ့လာဖတ်ရှုခဲ့ရပါသည်။

### အချိုလွန်ကဲသော အအေးမိအချိုရည်များကို ဆင်ခြင်ခြင်း

ရေခဲတုများဖြင့် ပြုလုပ်ထားသော အချိုရည်များသည် ရေငတ်ပြေစေသယောင် ထင်ရသော်လည်း ဆီးချိုတက်ခြင်းနှင့် ရေငတ်ခြင်းကို ပိုမိုဖြစ်စေနိုင်ပါသည်။ သဘာဝသစ်သီးဖျော်ရည် သို့မဟုတ် သန့်ရှင်းသော ရေအေးကိုသာ အဓိက သောက်သုံးပေးရပါမည်။

### စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုနှင့် အပူဒဏ်

အပူချိန်မြင့်မားခြင်းက စိတ်တိုလွယ်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်းနှင့် စိတ်ဖိစီးမှုများကို ဖြစ်စေနိုင်ပါသည်။ စိတ်ကိုတည်ငြိမ်အောင်ထားခြင်း၊ တရားဘာဝနာပွားများခြင်း သို့မဟုတ် အေးအေးဆေးဆေး အနားယူခြင်းက အပူဒဏ်ကြောင့် စိတ်ထိခိုက်မှုကို လျှော့ချပေးနိုင်ပါသည်။

နွေရာသီ၏ အပူဒဏ်သည် ကျန်းမာရေးအပေါ် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ သို့သော်လည်း စနစ်တကျ ရေဓာတ်ဖြည့်တင်းခြင်း၊ သင့်တော်သောအနေအထိုင်၊ အစားအသောက်များကို ရွေးချယ်ခြင်းနှင့် အရေးပေါ်လက္ခဏာများကို သိရှိနားလည်ခြင်းဖြင့် အပူဒဏ်ကို အောင်မြင်စွာကျော်လွှားနိုင်ပါသည်။ ကျန်းမာရေး အသိသတိဖြင့် နေထိုင်ခြင်းသည် ဆေးကုသခြင်းထက် ပိုမိုထိရောက်သောကြောင့် မိမိကိုယ်တိုင်သာမက ပတ်ဝန်းကျင်ရှိသူများကိုပါ ဂရုစိုက်စောင့်ရှောက်ရင်း သာယာအေးမြသော နွေရက်များကို ဖြတ်သန်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်အတွင်းရှိ သမီးလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား “သမီးလှကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်” အဖြစ်ပြောင်းလဲ၍ ရေိယာပြင်ဆင်သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ပြဋ္ဌာန်းထားသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ “သမီးလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော”အား ၎င်းဒေသကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များ၊ သယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေပြီး ပေါကြွယ်ဝလာစေရန်နှင့် အဏ္ဏဝါသဘာဝထိန်းသိမ်းရေးနယ်မြေ တည်ထောင်မှုကို မြှင့်တင်နိုင်စေရန်ရည်ရွယ်၍ မူလတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော ဧရိယာ ၂၁၇ ဒသမ ၆ ဧကအား ရေပြင် ၁၁၈၉၇ ဧက တိုးချဲ့၍ စုစုပေါင်း ၁၂၁၁၄ ဒသမ ၆၀ ဧကဖြင့် “သမီးလှကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်” အဖြစ် ပြောင်းလဲ၍ ဧရိယာ ပြင်ဆင်သတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၆)အရ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ရက်) မှစ၍ ပြင်ဆင် သတ်မှတ်ကြောင်း ကြေညာခဲ့ပါသည်။



သမီးလှကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်၏ သဘာဝရှုခင်းကိုတွေ့ရစဉ်။

သမီးလှကျွန်းသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးမြို့နယ်ခွဲသမိုင်းဝင် မော်တင်စွန်းဘုရားမှ ရေမိုင်ခြောက်မိုင်အကွာ၊ ဘင်္ဂလားပင်လယ်အော် (Bay of Bengal)နှင့် အက်ဒမန်ပင်လယ် (Andaman Sea) တို့၏ ရေကြောင်းများဆုံရာအနီး ၄၀န်မြစ် (ပုသိမ်မြစ်ဝ)၌ တည်ရှိပါသည်။ မြေမျက်နှာသွင်ပြင် ပြန့်ပြူးပြီး ပင်လယ်ရေမျက်နှာပြင်အထက် ရှစ်ပေမှ ၁၁ ပေ အတွင်း၌တည်ရှိပါသည်။ ရှေးယခင် ဗြိတိသျှအစိုးရလက်ထက်က ကျွန်း၏ပုံသဏ္ဌာန်နှင့် သဲသောင်များ၏တောက်ပမှုကို အစွဲပြု၍ Diamond Island “စိန်ကျွန်း” ဟူ၍ လည်းကောင်း၊ ထို့နောက် ပင်လယ်လိပ်များကို စီမံချက်ဖြင့် ထိန်းသိမ်းမွေးမြူခဲ့သဖြင့် “လိပ်ကျွန်း” ဟူ၍ လည်းကောင်း ခေါ်ဆိုခဲ့ကြပြီး ရှားပါး ပင်လယ်လိပ်များနှင့် ၎င်းတို့ ဥချ သားပေါက်ရာဒေသများ၊ ကျွန်းပေါ်ရှိ ဂေဟစနစ်များအား ဥပဒေအရ အပြည့်အဝထိန်းသိမ်းကာကွယ်နိုင်ရန်အလို့ငှာ (၁၂-၁၀-၁၉၇၀) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၈၉)ဖြင့် “သမီးလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော”အဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။



သမီးလှကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်၏ သဘာဝရှုခင်းကိုတွေ့ရစဉ်။

သမီးလှကျွန်းသည် ကြည်လင်သော ပင်လယ်ပြင်အတွင်း စိမ်းလန်းသောကျွန်းနှင့် ဖြူဖွေးသန့်ရှင်းသော သဲသောင်ပြင်များကြောင့် ထင်ရှားသည့်အပြင် ကမ္ဘာ့ရှားပါးစာရင်းဝင်နှင့် ကျန်ပင်လယ်လိပ်များ တစ်နှစ်ပတ်လုံး လာရောက်ဥချသည့် မြန်မာ့တစ်နေရာတည်းသော ကျွန်းအဖြစ် ထင်ရှားပါသည်။ သမီးလှကျွန်း၌ ရွက်ပြတ်တော၊ ရောနှောတော၊ အမြဲစိမ်းတော၊ ဒီရေတော အမျိုးအစားများတွေ့ရှိရပြီး အများစုမှာ ဒီရေတောဂေဟစနစ်အဖြစ် ဖြူးအုပ်ဆောင်း၊ ဖြူးခြေထောက်ဖို၊ သင်ပေါင်း၊ ဖြူးခြေထောက်မ၊ ကနစို၊ ခရာ၊ ဓနိ၊ ပင်လယ်အုန်း၊ မိချောင်းနွယ် အပင်များ ပေါက်ရောက်ပါသည်။ တောရိုင်းတိရစ္ဆာန်များအနေဖြင့် ကမ္ဘာ့ရှားပါး ပင်လယ်လိပ်မျိုးများဖြစ်သည့် ပြင်သာလိပ်၊ လိပ်စိမ်း၊ လိပ်လှောင်း၊ လိပ်ခွေး၊ လိပ်ခေါင်တန်းတို့ ဥချသားပေါက်ရာ ဒေသဖြစ်ပြီး လင်းပိုင်၊ ရေဝက်၊ လင်းရှူး၊ ပုစွန်၊ ကဏန်းနှင့် ငါးမျိုးစိတ်များ ရှင်သန် ကျက်စားရာနေရာ ဖြစ်သကဲ့သို့ ဒရယ်၊ လင်းဆွဲ၊ ချိုး၊ ဘွတ်ကလုံ၊ လင်းယုန်၊ မြေဝပ်၊ ငှက်ဝါ၊ ငှက်ခါး ၊ စွန်၊ ဆက်ရက်၊ ပိန်ညင်း၊ ရေကြက်နှင့် ဝန်ပို/ဝန်လိုကဲ့သို့သော ကုန်းနေနှင့် ငှက်မျိုးစိတ်များအတွက် နားခိုကျက်စားရာ နေရာဒေသ တစ်ခုလည်းဖြစ်ပါသည်။

**အကျိုးကျေးဇူးများ ရရှိစေမည်**

“သမီးလှကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်” အဖြစ် သတ်မှတ်ဖွဲ့စည်းခြင်းဖြင့် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အဏ္ဏဝါအမျိုးသားဥယျာဉ် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပြီး ၎င်းဒေသရှိကမ်းရိုးတန်း၊ အဏ္ဏဝါဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ခြင်း၊ သန္တာကျောက်တန်းများအား ရေရှည်တည်တံ့တိုးပွားစေကာ အဏ္ဏဝါမျိုးစိတ်များ၏ ရှင်သန်သားပေါက်ရာ နေရာအဖြစ် ထိန်းသိမ်းနိုင်ပြီး ရေပေါ်ရေအောက် ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားလာစေမည်ဖြစ်ခြင်း၊ ပင်လယ်လိပ်မျိုးစိတ်များ၏ သားပေါက်ရာနေရာများ ထိန်းသိမ်းနိုင်မည်ဖြစ်သကဲ့သို့ သမိုင်းဝင်မြတ်မော်တင်စွန်းဘုရားနှင့် နီးကပ်စွာတည်ရှိသဖြင့် ဘုရားဖူးလာသော အများပြည်သူများ အပန်းဖြေလှေ့လာနိုင်ပြီး သုတေသန လုပ်ငန်းများ ဆောင်ရွက်နိုင်သဖြင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းနှင့် အဏ္ဏဝါမျိုးစိတ်များ သုတေသနပြုလေ့လာနိုင်သည့် အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ပါသည်။

**သယံဇာတနှင့်**
**သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ပုဗ္ဗဒဂုံစာရဂုံ၏ ရသစုံလင်စာသဘင် (စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲ) ကျင်းပ

**ရန်ကုန် မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီနှင့် အမှတ်(၁၁၀) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသော ပုဗ္ဗဒဂုံစာရဂုံ၏ ရသစုံလင်စာသဘင် (စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲ)ကို မတ် ၂၂ ရက် ညပိုင်းက တက္ကသိုလ်ရိပ်မွန်ဥယျာဉ်မြို့တော်အိမ်ရာ ရိပ်မွန်ပန်းခြံဝင်း၌ ကျင်းပသည်။



**ဟောပြော**

အခမ်းအနားတွင် အမျိုးသားစာပေ တစ်သက်တာဆုရှင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က ဗဟုသုတဖြစ်ဖွယ် ကဗျာစာပေအကြောင်းအရာများကို လည်းကောင်း၊ ဆရာမကြီး အလင်္ကာကျော်စွာ ဒေါ်နွဲ့နွဲ့(ရွှေကူနန်းနွဲ့နွဲ့)က“ဘဝနှင့် စာပေ”ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။

**MNM**

## ဇီးကုန်းမြို့နယ်၌ အခြေခံကဗျာရေးစပ်နည်းသင်တန်းဖွင့်

**ဇီးကုန်း မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အခြေခံကဗျာရေးစပ်နည်းသင်တန်းကို မတ် ၂၃ ရက်က ဖွင့်လှစ်သည်။



ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်မာမာဦးက အခြေခံ ကဗျာရေးစပ်နည်းသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။ ထို့နောက် ဆရာကြီး ဦးအေးမော်က ကဗျာရေးစပ်နည်းနှင့်ပတ်သက်သည့် အခြေခံနည်းစနစ်များ၊ အသံဝါကျနှင့် ကာရန်များအကြောင်း၊ ကဗျာ၏ ဂုဏ်အင်္ဂါရပ်များနှင့် အခြေခံသဘောတရားများကို သင်ကြားပေးသည်။

အဆိုပါ အခြေခံကဗျာရေးစပ်နည်းသင်တန်းကို မတ် ၂၃ ရက်မှ ၂၄ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် ကျောင်းသားလူငယ် ၃၁ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိကျောင်းများတွင် မိုဘိုင်းဖုန်းသုံးစွဲမှုတားမြစ်မည်

ဗန်ကောက် မတ် ၂၃

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကျောင်းများတွင် လာမည့်ပညာသင်နှစ်မှ၍ ကျောင်းသားများအား စာသင်ချိန်အတွင်း မိုဘိုင်းဖုန်းနှင့် လျှပ်စစ်ပစ္စည်းများသုံးစွဲခြင်းမှ တားမြစ်မည့်အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကျောင်းပေါင်း ၄၃၇ ကျောင်းတွင် ဆောင်ရွက်မည်ဖြစ်ကာ ဖုန်းသုံးစွဲခြင်းကြောင့် သင်ကြားရေးကို ထိခိုက်ခြင်းမှ ကာကွယ်ရန်နှင့် ဆိုက်ဘာလုံခြုံမှုရှိစေရေးဆောင်ရွက်ခြင်းဖြစ်သည်။ ယခုကဲ့သို့ တားမြစ်ချက်ကိုထုတ်ပြန်ခြင်းဖြင့် ပညာသင်ကြားရေးဆိုင်ရာ ပတ်ဝန်းကျင်ကို တိုးတက်စေမည်ဖြစ်ပြီး ကျောင်းသားများအား ဖုန်းသုံးစွဲခြင်းကြောင့် ကျန်းမာရေးထိခိုက်စေမည့်အရေးမှ ကယ်တင်နိုင်မည်ဖြစ်ကြောင်း ဗန်ကောက်မြို့တော်ဝန် ချာချတ်ဆီတီပန့်က ပြောကြားသည်။ ယနေ့ခေတ်ကျောင်းသားများသည် ဒစ်ဂျစ်တယ်ခေတ်တွင် ကြီးပြင်းလာသူများဖြစ်သည့်အတွက် ၎င်းတို့၏ ကျောင်းတွင်း မိုဘိုင်းဖုန်းသုံးစွဲမှုကို စနစ်တကျ ကြီးကြပ်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

မိုဘိုင်းဖုန်းများအား ဆရာ ဆရာမများ၏ ကြီးကြပ်မှုဖြင့် ပညာသင်ကြားရေးအတွက်သာ သုံးစွဲစေမည်ဖြစ်ကာ မိုဘိုင်းဖုန်းသုံးစွဲခွင့်မပြုသည့်အချိန်တွင် ကိုယ်လက်လှုပ်ရှားမှုကဲ့သို့သော အကျိုးရှိစေမည့် လုပ်ငန်းများကိုသာ ဆောင်ရွက်စေမည်ဖြစ်ပြီး ကျောင်းသားများအား အွန်လိုင်းခြိမ်းခြောက်မှုမခံရစေရေးနှင့် မသင့်လျော်သည့် အကြောင်းအရာများကို ကြည့်ရှုခွင့်ပိတ်ပင်ရေး တာဝန်ရှိသူများက ဆောင်ရွက်မည်ဖြစ်သည်။ သို့ရာတွင် မိဘအုပ်ထိန်းသူများအနေဖြင့် အရေးပေါ်အခြေအနေများတွင် ကျောင်းမှသတ်မှတ်ပေးထားသည့် ဖုန်းလိုင်းများဖြင့် ကျောင်းသားများထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။




ကိုးကား – VN Express၊ ဘာသာပြန် – စိုးသူရ

## ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ လက်ရှိအချိန်တွင် အဆိုးရွားဆုံးဖြစ်ပွားနေဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ပြောကြား

ဂျီနီဗာ မတ် ၂၃

ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် လက်ရှိအချိန်တွင် အဆိုးရွားဆုံးဖြစ်ပွားနေပြီး ၎င်းကဲ့သို့ဖြစ်လာရခြင်းမှာ ကမ္ဘာပေါ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု များပြားလာသည်နှင့်အမျှ လေထုနှင့် သမုဒ္ဒရာများ ပူနွေးလာခြင်းကြောင့်ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့က မတ် ၂၂ ရက်တွင် ပြောကြားသည်။




မတ် ၂၃ ရက်တွင် ကျရောက်သည့် ကမ္ဘာ့မိုးလေဝသနေ့တွင် ကမ္ဘာ့မိုးလေဝသအဖွဲ့က ၂၀၂၅ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသအခြေအနေဆိုင်ရာ မှတ်တမ်းကို ထုတ်ပြန်ခဲ့ရာတွင် ကမ္ဘာပေါ်တွင် လက်ရှိအချိန်၌ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာခြင်း၊ ပင်လယ်သမုဒ္ဒရာရေမျက်နှာပြင်များ ပူနွေးလာခြင်းနှင့် ရေခဲများအရည်ပျော်ခြင်းစသည့် ဖြစ်စဉ်များ အများအပြားဖြစ်ခဲ့ပြီး မှတ်တမ်းများအရ ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကြားကာလသည် ကမ္ဘာကြီးတွင် အပူဆုံးကာလများအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ၎င်းမှတ်တမ်းအရ သိရသည်။ လက်ရှိအချိန်တွင် ကမ္ဘာကြီး၌ အပူချိန်မြင့်မားခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် အပူပိုင်းမုန်တိုင်းများ တိုက်ခတ်ခြင်းတို့ကြောင့် လူမှုအသိုင်းအဝိုင်းများ ထိခိုက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း သမုဒ္ဒရာများသည် လူသားတို့နှစ်စဉ် သုံးစွဲနေသည့် စွမ်းအင်ပမာဏထက် ၁၈ ဆ ပိုမိုသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူခဲ့ကြကြောင်း သိရသည်။ ကမ္ဘာကြီးတွင် စွမ်းအင်ထုတ်လွှတ်သုံးစွဲမှုမညီမျှခြင်းနှင့်အတူ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ အများအပြားဖြစ်လာရကြောင်းနှင့် ၂၀၂၅ ခုနှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု သိသိသာသာ မြင့်တက်ခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

## ထိုင်းနိုင်ငံ၌ အရန်လောင်စာဆီ လုံလောက်စွာရှိ

ဗန်ကောက် မတ် ၂၃

ထိုင်းနိုင်ငံအတွင်း ၁၀၃ ရက်ကြာကာလအထိ သုံးစွဲနိုင်မည့် အရန်လောင်စာဆီ အလုံအလောက်ရှိကြောင်းနှင့် လောင်စာဆီဈေးကွက်အတွင်း ပွင့်လင်းမြင်သာမှုရှိစေရေးနည်းလမ်းများ ချမှတ်နေကြောင်း ထိုင်းအစိုးရက အတည်ပြုပြောကြားသည်။

ထိုင်းနိုင်ငံသည် ရက်ပေါင်း ၁၀၃ ရက်ကြာသုံးစွဲနိုင်မည့် အရန်လောင်စာဆီများ သိုလှောင်ထားကြောင်း စွမ်းအင်လုပ်ငန်းဌာန ညွှန်ကြားရေးမှူးချုပ် ဆာရာဝပ် ကီတာတစ်က ပြောကြားသည်။

နိုင်ငံအတွင်း တစ်နေ့လျှင် ဓာတ်ဆီထုတ်လုပ်မှုပမာဏ လီတာ ၃၅ ဒသမ ၂၈ သန်းရှိပြီး ၎င်းပမာဏသည် တစ်နေ့တာသုံးစွဲသည့်ပမာဏ လီတာ ၃၄ ဒသမ ၄၁ သန်းအတွက် ဖူလုံမှုရှိကာ တစ်နေ့လျှင် ဒီဇယ်ထုတ်လုပ်မှုပမာဏ လီတာ ၇၉ ဒသမ ၉၁ သန်းနှင့် သုံးစွဲမှုပမာဏ လီတာသန်း ၇၀ ရှိသောကြောင့် အဆင်ပြေမှုရှိကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်းလောင်စာဆီသုံးစွဲမှုများပြားသည့် ဒေသအချို့တွင် လောင်စာဆီ ၂၄ နာရီရောင်းချသည့် ဆိုင်များကို ဖွင့်လှစ်ထားခြင်းကြောင့် လောင်စာဆီအတွက် အခက်အခဲမရှိကြောင်း ၎င်းကဖြည့်စွက်ပြောကြားသည်။

နိုင်ငံအတွင်း လောင်စာဆီဈေးနှုန်း ဈေးကစားခြင်းများကိုလည်း အရေးယူဆောင်ရွက်နေကြောင်း ကုန်သွယ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ယာနီ ဆရီမန်နိက ပြောကြားသည်။ လောင်စာဆီဈေးကစားမှုများနှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်း စစ်ဆေးမှု ၂၃၂၀ ကြိမ်ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် စွမ်းအင်လုပ်ငန်းဌာနသည် ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်း၍ နိုင်ငံသားများအား လောင်စာဆီအခြေအနေနှင့်ပတ်သက်၍ သိရှိနိုင်ရန် ပန့်ရေဒါအက်ပလီကေးရှင်းအမည်ရှိ အက်ပလီကေးရှင်းတစ်ခုထူထောင်ရန် ဆောင်ရွက်နေသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

## အနောက်ပစိဖိတ်ဒေသတွင် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

မနီလာ မတ် ၂၃

အနောက်ပစိဖိတ်ဒေသတွင် တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်မည် ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနောက်ပစိဖိတ်ဒေသဆိုင်ရာရုံးက မတ် ၂၂ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရန်နှင့် ရောဂါတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် တီထွင်ဆန်းသစ်မှုများ ပေါင်းစပ်ဖြည့်စွက်ကာ ဒေသခံများအတွက် တီဘီရောဂါကင်းစင်သည့် လူမှုပတ်ဝန်းကျင်တစ်ခုဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနောက်ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး မာယူပီကာလာက ပြောကြားသည်။

အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် တီဘီရောဂါရှာဖွေကုသရေး၊ ကုသမှုပိုင်းတွင် နှောင့်နှေးမှုမဖြစ်စေရေးနှင့် ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ဝေဒနာရှင်အားလုံး ကုသခွင့်ရရှိရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ၂၀၂၄ ခုနှစ်တွင် အနောက်ပစိဖိတ်ဒေသ၌ တီဘီရောဂါဝေဒနာရှင် ၂ ဒသမ ၉ သန်းရှိကြောင်းသိရသည်။ ဆေးလိပ်သောက်သုံးခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ယမကာသောက်သုံးမှုနှင့် ဆီးချိုရောဂါဖြစ်ပွားခြင်းစသည့်အချက်များသည် ရောဂါကုသရာတွင် အဟန့်အတားဖြစ်စေသည့်အချက်များဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



ကျန်းမာရေးဆိုင်ရာ ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းဖြင့် ဒေသခံများ၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ မြင့်တက်လာမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ



## မလေးရှားနိုင်ငံ၌ မိုးလေဝသစောင့်ကြည့်ရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်မည်

ကွာလာလမ်ပူ မတ် ၂၃

မလေးရှားနိုင်ငံသည် နိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် မိုးလေဝသစောင့်ကြည့်ခန့်မှန်းရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း သဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး အာသာဂျိုးဇက်ကူရက်က မတ် ၂၂ ရက်တွင် ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစနစ်တွင် ဉာဏ်ရည်တုနည်းပညာနှင့် ဒေတာအချက်အလက်များဖြင့် ပေါင်းစပ်ဆောင်ရွက်မည်ဟု ၎င်းက ယခုနှစ်ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားတွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် ထည့်သွင်းပြောကြားသည်။ အမျိုးသား ရာသီဥတုစင်တာအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာအကျိုးသက်ရောက်မှုများကို သုတေသနပြုလေ့လာသွားမည်ဖြစ်ကာ သင့်တော်သည့်မူဝါဒများချမှတ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အခမ်းအနားမှူးသင်တန်းဖွင့်ပွဲ ကျင်းပ



နေပြည်တော် မတ် ၂၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း/အမှုထမ်းများအနက်မှ အစည်းအဝေးများ၊ အခမ်းအနားများတွင် လိမ္မာပါးနပ်၍ ဖြတ်ထိုးဉာဏ်၊ အရည်အချင်းရှိပြီး ထူးချွန်ထက်မြက်သော၊ အသံကြည်လင်ပြတ်သားစွာဖြင့် ဆောင်ရွက်နိုင်သည့် အခမ်းအနားမှူးကောင်းများပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall(ဘက်စုံသုံးခန်းမ)၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအတွင်းရှိ အရာထမ်း/အမှုထမ်းများအနေဖြင့် မိမိတို့ဌာနအတွင်း ကျင်းပသည့် အခမ်းအနားများ၊ ပြိုင်ပွဲများ၊ အစည်းအဝေးများနှင့် နိုင်ငံတော်အဆင့် အခမ်းအနားများတွင် အခမ်းအနားမှူးများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်တန်းနည်းပြဆရာမ ဒေါ်သန်းသန်းဝင်းသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနတွင် နှစ်ပေါင်း ၃၄ နှစ်ကျော် တာဝန်ထမ်းဆောင်ပြီး အစီအစဉ်ကြေညာခြင်း၊ အစီအစဉ်အသစ်များ ထုတ်လုပ်ဖန်တီးခြင်း၊ စာမူများရေးသားခြင်းနှင့် ယနေ့တိုင် အနာဂတ်မျိုးဆက်သစ်အခမ်းအနားမှူးများ စဉ်ဆက်မပြတ်ထွက်ပေါ်စေရေးအတွက် အခမ်းအနားမှူးသင်တန်းများကို ပို့ချပေးနေသူတစ်ဦးဖြစ်ကြောင်း။

သင်တန်းသားများအနေဖြင့် အခမ်းအနားမှူးတစ်ယောက် သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အသံနေအသံထားမှအစ ကိုယ်ဟန်အနေအထားများအားလုံးကို ဂရုတစိုက်မှတ်သားပြီး ကိုယ်ပိုင်အားလပ်ချိန်များတွင် အမြဲလေ့ကျင့်ဆောင်ရွက်သွားစေလိုကြောင်း၊ လေ့ကျင့်မှုများမှတစ်ဆင့် အခမ်းအနားမှူးကောင်းတစ်ယောက်ဖြစ်လာပြီး မိမိဦးစီးဌာနနှင့် ဝန်ကြီးဌာနအတွက် များစွာအကျိုးရှိသည့်အပြင် မိမိကိုယ်ကျိုးအတွက် ပြင်ပအခမ်းအနားများတွင် လိုက်ပါဆောင်ရွက်ခွင့်ရရှိလာမည်ဆိုလျှင် အသက်မွေးဝမ်းကျောင်းပညာတစ်ရပ်အဖြစ် များစွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ အစည်းအဝေးနှင့်အခမ်းအနားကြီးတစ်ခုလုံးကို အစမှအဆုံး အဆင်ပြေချောမွေ့စွာပြီးမြောက်အောင် ဆောင်ရွက်ပြီး အချိန်နှင့်တစ်ပြေးညီမူလပုံမှန်အစီအစဉ်မှ ရုတ်ချည်းပြောင်းလဲသွားနိုင်မည့် အခြေအနေတစ်ရပ်ကို ရဲရဲဝံ့ဝံ့ ဖြေရှင်းသွားနိုင်မည့် အခမ်းအနားမှူးကောင်းများအဖြစ် မွေးထုတ်ပေးမည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ ယခုသင်တန်းတွင် အခမ်းအနားသို့ တက်ရောက်လာမည့်သူများအနက် နိုင်ငံခြားသားများပါရှိခဲ့လျှင် သုံးနှုန်းရမည့် အဆင့်အနေအထားအရ စကားအသုံးအနှုန်းများကိုတစ်ပါတည်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်ကြားပို့ချပေးမည့်ဘာသာရပ်များကို ဂရုတစိုက် လေ့လာသင်ယူမှတ်သားပြီး ရုံး၊ ဌာနများ၏အစည်းအဝေးများ၊ အခမ်းအနားငယ်များတွင် အခမ်းအနားမှူးများအဖြစ် လေ့ကျင့်ဆောင်ရွက်၍ တဖြည်းဖြည်း ပိုမိုတည်ငြိမ်ရင့်ကျက်ပြီး အောင်မြင်သည့် အခမ်းအနားမှူးကောင်းတစ်ယောက်ဖြစ်လာအောင် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားမှူးသင်တန်းကို မတ် ၂၃ ရက်မှ ၂၆ ရက်အထိ သင်တန်းကာလ လေးရက်တွင် သင်တန်းနည်းပြဆရာမများအဖြစ် ဒေါ်သန်းသန်းဝင်းနှင့် လက်ထောက်နည်းပြဆရာမအဖြစ် ဒေါ်မိုးသီတာတို့က သင်တန်းသား သင်တန်းသူ ၂၉ ဦးတို့အား နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ ဘက်စုံသုံးခန်းမ၌ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိုလ်တထောင်မြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြော



ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဗိုလ်တထောင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ဗိုလ်တထောင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်သီတာမိုးက ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် ဆိုင်ရာနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိနိုင်ရေး အသိပညာပေးဟောပြောပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**

❖

# လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ယင်းဥပဒေပုဒ်မ ၄၁ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၆)ဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

၂။ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG)သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်လိုင်းဖြင့် ဓာတ်အားပေးနိုင်သည့် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များအတွင်းရှိ အိမ်သုံးမဟုတ်သည့်နှုန်းထားဖြင့် ကောက်ခံနေသော လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံ ဓာတ်အားလိုင်းနှင့် ဓာတ်အားစနစ်ပြတ်တောက်မှု (Line Fault and System Breakdown) မှအပ ဓာတ်အားဖြတ်တောက်မှု (Load Shed) မပြုလုပ်ဘဲ ၂၄ နာရီ သီးခြားဓာတ်အားပေးမည်ဖြစ်ပြီး အဆိုပါဓာတ်အားအတွက် ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ကောက်ခံသွားမည်ဖြစ်ကြောင်း သတ်မှတ်လိုက်သည်။

၃။ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/စီးပွားရေးလုပ်ငန်းများက အထက်အပိုဒ်(၂)ပါအတိုင်း ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ သို့ရာတွင် လက်ရှိဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ဓာတ်အားလိုင်းများမှ ဓာတ်အားသယ်ဆောင်နိုင်နင်းမှုအပေါ်မူတည်၍ ပုံမှန်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသော အများပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများကို လက်ရှိကောက်ခံလျက်ရှိသော ဓာတ်အားခနှုန်း (အိမ်သုံးအမျိုးအစားနှင့် အိမ်သုံးမဟုတ်သည့်အမျိုးအစားနှစ်ရပ်၏ အလွှာအလိုက်သတ်မှတ်နှုန်း)ဖြင့် ပြင်ဆင်ပြောင်းလဲမှုမရှိဘဲ ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါသည်။

၅။ ဓာတ်အားသုံးစွဲသူအမျိုးအစားအလိုက် ကောက်ခံမည့်ဓာတ်အားခနှုန်းထားသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ဓာတ်အားသုံးစွဲသူအမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | သုံးစွဲယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား**<br>[နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း(အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/ သာသနာအဆောက်အအုံ]<br>**မှတ်ချက်။ လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။** | ၁ မှ ၅၀ ယူနစ်အထိ<br>၅၁ မှ ၁၀၀ ယူနစ်အထိ<br>၁၀၁ မှ ၂၀၀ ယူနစ်အထိ<br>၂၀၁ ယူနစ်နှင့် အထက် | ၅၀<br>၁၀၀<br>၁၅၀<br>၃၀၀ |
| (ခ) | **အိမ်သုံးမဟုတ်သည့်အမျိုးအစား**<br>[စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံးဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံး ဌာန/လုပ်ငန်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ]<br>**မှတ်ချက်။**<br>(၁) လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။<br>(၂) ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှုနိုင်နင်းခြင်းမရှိလျှင် ဓာတ်အားဖြတ်တောက်မှု (Load Shed) ရှိနိုင်ပါသည်။<br>(၃) စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု / စီးပွားရေးလုပ်ငန်းများက ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ | ၁ မှ ၅,၀၀၀ ယူနစ်အထိ<br>၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ်အထိ<br>၂၀,၀၀၁ ယူနစ်နှင့်အထက် | ၂၅၀<br>၄၀၀<br>၅၀၀ |
| (ဂ) | **သီးခြားတိုက်ရိုက်လိုင်းဖြင့် ဓာတ်အားရယူထားပြီး ဓာတ်အားဖြတ်တောက်မှုမရှိဘဲ ၂၄ နာရီ ဓာတ်အားရရှိသော စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်နှင့် စက်မှု / စီးပွားရေးလုပ်ငန်းများ အမျိုးအစား** | ၁ ယူနစ်နှင့်အထက် | ၉၀၀ |

၆။ ဤလျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

# နိုင်ငံတကာလေကြောင်းခရီးစဉ်များ ဆက်လက်ပြေးဆွဲနိုင်ရန် ခရီးဆောင်အလေးချိန်ကန့်သတ်ချက်များကို MAI က လျှော့ချသတ်မှတ်




ရန်ကုန် မတ် ၂၃

လေယာဉ်ဆီ မလုံလောက်မှု အခြေအနေများကြောင့် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို အခက်အခဲမရှိ ဆက်လက်ပြေးဆွဲနိုင်ရန်အတွက် ခရီးဆောင်အလေးချိန် ကန့်သတ်ချက်များကို မဖြစ်မနေ လျှော့ချသတ်မှတ်ရခြင်း ဖြစ်ကြောင်း Myanmar Airway International (MAI) က မတ် ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

**ထုတ်ပြန်ချက်တွင် ဖော်ပြထား**

ယင်းသို့ ဆုံးဖြတ်ချက်သည် ပြည်တွင်းလေကြောင်း ဈေးကွက်တွင် ဖြစ်ပေါ်ခဲ့သည့် ခရီးစဉ်ဖျက်သိမ်းရသည့် ဖြစ်စဉ်များကဲ့သို့ ထပ်မံ မဖြစ်ပေါ်စေရန်အတွက် ရည်ရွယ်ကြောင်းလည်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

MAI အနေဖြင့် နိုင်ငံတကာ လေကြောင်းခရီးစဉ် အားလုံးအတွက် ယာယီခရီးဆောင် အလေးချိန် Economy Class: 20 KG (တစ်အိတ်သာခွင့်ပြု)၊ Business Class: 30 KG (တစ်အိတ်သာခွင့်ပြု)၊ Hand-carry: 7KG (အများဆုံး နှစ်အိတ်သာခွင့်ပြု)၊ Excess Baggage: အများဆုံး ငါးကီလိုဂရမ်သာ ခွင့်ပြုသွားမည်ဖြစ်ပြီး အပိုခရီးဆောင်အိတ်များ လက်ခံခြင်းကိုမူ လေဆိပ်ရှိ တာဝန်ကျဝန်ထမ်းများ၏ ဆုံးဖြတ်ချက်အပေါ်မူတည်၍ ဆောင်ရွက်မည် ဖြစ်ကာ နောက်ထပ် ကြေညာချက်အသစ် မထုတ်ပြန်သည်အထိ အကျုံးဝင်မည် ဖြစ်သည်။

ထို့ပြင် MAI သည် ပျံသန်းမှုဆိုင်ရာလိုအပ်ချက်များအရ ခရီးဆောင်အိတ်များကို လေဆိပ်တွင် ပယ်ချခြင်း သို့မဟုတ် မတင်ဆောင်နိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း၊ ထိုသို့ မတင်ဆောင်နိုင်ခဲ့သည့် ခရီးဆောင်အိတ်များကို ၇၂ နာရီအတွင်း ပိုင်ရှင်ခရီးသည်များထံသို့ ပြန်လည် ပို့ဆောင်ပေးနိုင်ရန် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း၊ ထို့ပြင် ယခုထုတ်ပြန်ချက်အရ ကြိုတင် ဝယ်ယူထားသော Prepaid Excess Baggage များကို ယာယီမတင်ဆောင်နိုင်သဖြင့် ခရီးသည်များအား Refund ပြန်လည် ပေးအပ်သွားမည်ဖြစ်သည်။

MAI အနေဖြင့် ခရီးသည်များ အဆင်ပြေချောမွေ့စွာ ခရီးသွားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ခက်ခဲလှသည့် အခြေအနေများတွင် ဖြစ်ပေါ်လာသည့် အဆင်မပြေမှုများအတွက် ခရီးသည်များအား အထူးတောင်းပန်ကြောင်း၊ ယခုလို ခက်ခဲသောကာလအတွင်း ခရီးသည်များ၏ နားလည်ပံ့ပိုးပေးမှုများကိုလည်း ကျေးဇူးတင်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကိုထက်

# တပ်ကုန်းမြို့နယ် ခုတင် (၁၀၀) ပြည်သူ့ဆေးရုံ သန့်ရှင်းသာယာလှပရေး ပြည်သူများနှင့် တပ်မတော်သားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တပ်ကုန်း မတ် ၂၃

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ခုတင် (၁၀၀) ပြည်သူ့ဆေးရုံသို့ တက်ရောက် ဆေးကုသသူများ စိတ်အေးချမ်းမြေ့စွာနှင့် ဆေးရုံ သန့်ရှင်းသာယာ လှပစေရန် ရည်ရွယ်၍ ပြည်သူများနှင့် တပ်မတော်သားများ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါ ဆေးရုံဝင်း အတွင်း/အပြင်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် တပ်ကုန်းတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဟိန်းထက်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံအုပ် ဒေါက်တာကျော်ဇေယျတို့က လှည့်လည်ကြည့်ရှုအားပေးပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်အမှိုက်သိမ်းဝန်ထမ်းများ စုစုပေါင်းအင်အား ၃၄၈ ဦးတို့က ထွန်စက်၊ မြက်ဖြတ်စက်၊ ဓားနှင့် ပေါက်ပြားများ၊ အမှိုက်သိမ်းယာဉ်ဖြင့် ချုံနွယ် အမှိုက်သရိုက်များကို စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင် ကာကွယ်နိုင် ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှု နည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်း ရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင် စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ယနေ့တပ်မတော်

☆ တာဝန်နဲ့ သစ္စာတရား
ဦးထိပ်ထား စဉ်မကွာ၊
လေးသစ္စာ သွေမကွက်
ပြည်သူ့တွက်တာ။

☆ ရဲဘော်စိတ် ခိုင်ခိုင်မာ
သွေးစည်းကာ မဖောက်ပြား၊
မတစ်ထောင် တစ်ကောင်ဖွား
စွန့်လွှတ်စွန့်စား။

☆ စိတ်ဓာတ်ကို အခြေခံထား
ယန္တရား ခေတ်မီစွာ
ကြည်း ရေ လေ စွမ်းပကား
ခံ့ညားထည်ဝါ။

☆ အဆင့်မြင့် နည်းပညာ
နိုင်ငံတကာ ယှဉ်နိုင်အား
ဟန်ချက်ညီ မြှင့်တင်ထား
နိုင်ငံ့စွမ်းအား။

☆ အပြုနှင့် အဖျက်သမား
ကွဲပြားတဲ့ အင်အားတွေ၊
လွဲမသွေ ငြိမ်းချမ်းရေး
ဆွေးနွေးမယ်လေ။

☆ သွေးစကား မဖည်သွေ
နောင်ညီတွေ တူလက်တွဲ၊
တပ်မတော် မလျှော့ဇွဲ
ပြည်သူ့အတွက် အားမာန်ခဲ
စိတ်ရှည်စွာ သည်းခံဆဲ
စောင့်ကြိုလျက်ပဲ။

☆ အမျိုးသား နိုင်ငံရေး
ချင့်တွေးလို့ မရှောင်သာ၊
ဦးဆောင်ကာ တာဝန်ထမ်း
စိတ်ဝမ်းဖြူစွာ။

☆ ပြည်ထောင်စု ပန်းတိုင်သာ
ဖြောင့်ဖြူးစွာ လျှောက်လှမ်း၊
စိန်ခေါ်မှု ကျော်ဖြတ်သန်း
ပြည်သူနှင့် တစ်စိတ်တစ်ဝမ်း
ဦးထမ်းပွဲထမ်း။

ကျော်စေဟန်

[(၈၁)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်]

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်

ဘားအံ မတ် ၂၃

နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေသော ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက ချီးမြှင့်ပေးအပ်သည့် စားသောက်ဖွယ်ရာများပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။




ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် အသက်ကိုပဓာနမထားဘဲ တာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများဖြင့် အားပေးကူညီခြင်းဖြစ်ပြီး သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်သို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကာ ရှေ့တန်းစစ်မျက်နှာတွင် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများ အန္တရာယ်ကင်းဘေးရှင်း၍ တိုက်ပွဲတိုင်း အောင်မြင်နိုင်စေရန် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စုစုပေါင်း ငွေကျပ် ၉၃၁၅၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးထံ ချီးမြှင့်ပေးအပ်ပြီး လှူဒါန်းပေးကြသော ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများနှင့် စေတနာရှင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ယနေ့ချီးမြှင့်ပေးအပ်ပွဲသည် စုဒ္ဒသမအကြိမ် (၁၄)ကြိမ်မြောက် ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး ချီးမြှင့်ပေးအပ်သည့် (၁၄)ကြိမ်အတွင်း စုစုပေါင်း ငွေကျပ် ၆၈၇၆ ဒသမ ၉၅ သိန်း တန်ဖိုးရှိ စားသောက်ကုန်များကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သဲကုန်းမြို့နယ်၌ နွေစပါး ၁၀၆၅၄ ဧက စိုက်ပျိုးပြီးစီး

သဲကုန်း မတ် ၂၃

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါး စိုက်ပျိုးရာသီတွင် စပါးမျိုးကောင်း၊ မျိုးသန့်တိုးပွားစေရန်၊ ဒေသအတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ ယခုနှစ်တွင် နွေစပါးစိုက်ဧက ၁၇၅၇၀ စိုက်ပျိုးသွားရန် လျာထားပြီး ယနေ့အထိ နွေစပါး ၁၀၆၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။



သဲကုန်းမြို့နယ်အတွင်းရှိဒေသခံတောင်သူများအနေဖြင့် စပါးစိုက်ဧကများအား ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနည်းများဖြင့် လည်းကောင်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ရာတွင် တမံပိတ်စနစ်၊ ဆည်ရေသောက်စနစ်၊ ဆိုလာရေတင်စနစ်၊ ချောင်းပိတ်စနစ်နှင့် စပါးစိုက်ဧကများတွင် ငါးမွေးမြူရေးစနစ်များဖြင့် လည်းကောင်း စိုက်ပျိုးလျက်ရှိပြီး ဒေသခံတောင်သူများအနေဖြင့် ရတနာတိုး၊ ဗီယက်နမ်၊ ရက်-၉၀၊ YSR(1)၊ မနောသုခ၊ ထိုင်းနံ့ကောက်၊ ရေဆင်းပေါ်ဆန်းစပါးမျိုးများ အများဆုံးစိုက်ပျိုးထားရှိရာ ယနေ့အထိ စိုက်ဧကပေါင်း ၁၀၆၅၄ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

သဲကုန်းမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် နွေစပါးပန်းတိုင်အထွက်နှုန်း တိုးတက်မြင့်မားစေရန် တောင်သူများအားစိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီပေးခြင်း၊ မြေဩဇာများကို တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးပေးခြင်း၊ လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သဲကုန်း)**

# ငဖဲမြို့နယ်၌ ဆောင်းနေကြာ ၆၈၉ ဧက ရိတ်သိမ်းပြီးစီး

ငဖဲ မတ် ၂၃

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံစေရေးအတွက် ဆောင်းသီးနှံများစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံ နေကြာ ၆၈၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၁၂ တင်းနှုန်းဖြင့် နေကြာ ၉၇၂၉ တင်း ထွက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အထွက်နှုန်းကောင်းမွန်သည့် ဆင်းရွှေကြာ-၂ မျိုးနှင့် အပင်ပေါက်ရာခိုင်နှုန်းမြင့်မားပြီး အပင်သန်စွမ်းကောင်းမွန်သည့် ရေဆင်းစပ်မျိုး-၁ မျိုးများကို ၆၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ကာ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်၍ တစ်ဧက ၁၄ ဒသမ ၁၂ တင်းနှုန်းဖြင့် ၉၇၂၉ တင်းထွက်ရှိကြောင်း၊ ဒေသခံတောင်သူများ နေကြာရိတ်သိမ်းရာတွင် အထွက်နှုန်းလျော့နည်းမှုနှင့် လေလွင့်ဆုံးရှုံးမှုမရှိရေး အချိန်မီရိတ်သိမ်းကြရန်နှင့် ရိတ်သိမ်းပြီးနေကြာများကို စနစ်တကျထားသို သိမ်းဆည်းကြရန် အသိပညာပေးဆောင်ရွက်နေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းက ပြောသည်။



ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သော မျိုးကောင်း မျိုးသန့်များ ရရှိနိုင်ရေး၊ အပင်ကြီးထွားဖြစ်ထွန်းရေး၊ အပွင့်အရွယ်အစားကြီးမားစေရေး၊ အစေ့အဆန်အောင်မြင်စေရေးတို့အတွက် လိုအပ်သောသွင်းအားစုများ စနစ်တကျထည့်သွင်းပေးရေး၊ အပင်ပြုစုစောင့်ရှောက်ရေးနည်းစနစ်များ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် စနစ်တကျရိတ်သိမ်းနည်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

ငဖဲမြို့နယ်အပြင် တခြားဒေသများ၌ ဆီထွက်သီးနှံဖြစ်သည့် နေကြာကို စိုက်ဧကများ တိုးချဲ့စိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစားသုံးဆီ ဖူလုံစေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မယု(ငဖဲ)**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာခတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀)စင်တီမီတာအတွင်း ရှိနေစေရန်(မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါစေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ် နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရွှေညောင်-ရပ်စောက် လမ်းလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

တောင်ကြီး မတ် ၂၃

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်သည် တာဝန်ရှိသူများနှင့်အတူ မတ် ၂၃ ရက် နံနက်ပိုင်းက ရွှေညောင်-ရပ်စောက် လမ်းမိုင်တိုင်အမှတ် (၁၀/၆) နှင့်(၁၁/၁)ကြား လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရပ်စောက် - ရွှေညောင်လမ်း မိုင်တိုင်အမှတ်(၁၀/၆)နှင့် (၁၁/၁)ကြားတို့တွင် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးရေးအတွက် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် ရွှေညောင်-ညောင်ရွှေလမ်း မိုင်တိုင်အမှတ် (၃/၃.၅)နှင့် (၄/၂) ကြားတို့တွင် လမ်းအနိမ့်အမြင့် မြေညှိ၍ ရေပိတ်လွှာလောင်းခြင်း၊ လမ်းပခုံးမြှင့်တင်ခြင်း၊ ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)





## လှည်းကူးမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

လှည်းကူး မတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့၏ပေါင်းစပ်မှုဖြင့် ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသောင်းဒန်ဦးနှင့်အဖွဲ့ဝင်များက အငြိမ်းစားဝန်ထမ်း ၄၇ ဦးအား ကျန်းမာရေးစစ်ဆေးပေးခြင်းများကိုလည်းကောင်း၊ တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ပြည့်ပြည့်ဖြိုးနှင့် အဖွဲ့ဝင်များက တိုင်းရင်းဆေးများဖြင့် ဆေးကုသမှုများကို ဆောင်ရွက်ပေးခဲ့ရာ လှည်းကူးမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၇ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ပြီး အငြိမ်းစားဝန်ထမ်းများအား လစဉ်ပုံမှန် ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အိရွှေစင်လတ်(ပြန်/ဆက်)

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ဆင်ခြင်တုံတရားမဲ့စွာ လူမဆန်တဲ့လုပ်ရပ်နဲ့ ပြည်သူအပေါ် ပစ်ခတ်သတ်ဖြတ်ခဲ့တဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဧပြီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် **"PDF လူငယ်တွေကို ခုတုံးလုပ်ခဲ့တဲ့ နွေဦးတော်လှန်ရေးကြီး ဇာတ်သိမ်းလေပြီ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၈၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## ထားဝယ်မြို့၌ ရွေ့လျားစာကြည့်တိုက်ဖြင့် ဌာနဆိုင်ရာရုံးများသို့ သုတ / ရသ စာအုပ်စာစောင်များငှားရမ်းပေး

ထားဝယ် မတ် ၂၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွေ့လျားစာကြည့်တိုက် (Mobile Library Bus)ဖြင့် သုတ/ရသ စာအုပ်စာစောင်များ တင်ဆောင်၍ လှည့်လည်ငှားရမ်းပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ ဌာနဆိုင်ရာရုံးများသို့ သုတ/ရသ စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ပြီး စာပေဝါသနာရှင်များနှင့် စာဖတ်ပရိသတ်များ ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ မည်သူမဆို အခမဲ့လာရောက်ဖတ်ရှုနိုင်ကြောင်း သိရသည်။

ရွေ့လျားစာကြည့်တိုက်တွင် ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် အသိပညာဗဟုသုတများစွာရရှိမည့် သုတ/ရသ စာအုပ်စာစောင်များ ၄၀၀ ပါရှိပြီး ငှားရမ်းပေးခဲ့သည့်စာအုပ်များကို သုံးရက်လျှင်တစ်ကြိမ် လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ငွေဇင်ယော်(ထားဝယ်)

## တာချီလိတ်မြို့၌ စုံ / မ စနစ်ဖြင့် မော်တော်ယာဉ်မောင်းနှင်မှု ရှောင်တခင်စစ်ဆေး

တာချီလိတ် မတ် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မော်တော်ယာဉ်များအား စုံ/မခွဲ၍ မောင်းနှင်သည့်စနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ ယနေ့နံနက်ပိုင်းက ဟောင်လိတ်မီးပွိုင့် လမ်းဆုံအနီးတွင် ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ် (၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တာချီလိတ်)မှ ရဲအုပ်ရဲကိုခိုင် ဦးဆောင်သည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ် မောင်းနှင်သူများအား ယာဉ်မောင်းလိုင်စင်၊ သတ်မှတ်နံပါတ်ပြား၊ ထိုင်ခုံခါးပတ် တပ်ဆင်ထားခြင်း ရှိ/မရှိ၊ လတ်တလောထုတ်ပြန်ထားသည့် စုံ/မ သတ်မှတ်ရက်အတိုင်းမောင်းနှင်ခြင်း ရှိ/မရှိနှင့် ဆိုင်ကယ်မောင်းနှင်သူများအနေဖြင့် ဆိုင်ကယ်စီးဦးထုပ်၊ သုံးယောက်စီးနင်းခြင်း၊ ပါဝါအိပ်ဇောတပ်ဆင်စီးနင်းခြင်း စသည်တို့ကို ရှောင်တခင်စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် မကိုက်ညီသည့် စည်းကမ်းဖောက်ဖျက်ကျူးလွန်သူများအား မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ကျော်ဇေယျာလင်း (ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "အရိုးလေး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥသျှောင်ကားမြို့သစ် (၈)ရပ်ကွက်နေ စည်သူဟိန်း(ခ)မေးကြီးအား ညနေ ၅ နာရီခွဲတွင် ပဲခူးမြို့ အမှတ်(၃)နယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ သန္တာကျောက်တန်းများ ရှင်သန်အားကောင်းနေ

ရန်ကုန် မတ် ၂၃

ပင်လယ်ပြင်ငါးမျိုးစိတ် လေးပုံတစ်ပုံကျော်၏ နေအိမ်ဖြစ်သော ပင်လယ်ရေအောက် မိုးသစ်တောဟု တင်စားသည့် သန္တာကျောက်တန်းများကို မြန်မာ့ပင်လယ်ပြင်ကမ်းရိုးတန်း၌ ထိန်းသိမ်းထားလျက်ရှိရာ ထိုသန္တာကျောက်တန်းများတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုရှိ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ သန္တာကျောက်တန်းများ ရှင်သန်အားကောင်းလျက်ရှိကြောင်း သိရသည်။



လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်သည် ကျွန်းငယ်များစွာ ဝန်းရံထားသော ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသည့် အာဆီယံအမွေအနှစ်ဥယျာဉ်ဖြစ်ပြီး အမြဲစိမ်းသစ်တော၊ ကမ်းခြေသစ်တော၊ ဒီရေတော၊ ပင်လယ်မြက်ခင်းများ၊ သဲသောင်သစ်တော၊ ကုန်းနေရေနေ သတ္တဝါများ၊ ရှားပါးမျိုးစိတ်များနှင့် လှပသည့်သန္တာကျောက်တန်းများဖြင့် ဖွဲ့စည်းထားသော အဏ္ဏဝါဥယျာဉ်ကြီးဖြစ်သည်။ အထူးသဖြင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်း၌ ရှင်သန်ဖွံ့ဖြိုးလျက်ရှိသည့် သန္တာကျောက်တန်းအများစု တည်ရှိရာနေရာဖြစ်သည်။

သန္တာကျောက်တန်းများသည် ပင်လယ်ပြင် ဇီဝမျိုးစိတ်များ ရေရှည်ရှင်သန်မှုကို ပံ့ပိုးပေးလျက်ရှိပြီး ကယ်လ်စီယမ်ကာဗွန်နိတ် အရိုးစုများဖြင့် ဖွဲ့စည်းထားသော သေးငယ်သည့် သန္တာကောင်(polyps) အမြောက်အမြားစုပေါင်း၍ ကျောက်ဆောင်၊ ကျောက်တန်းကဲ့သို့ သွင်ပြင်လက္ခဏာဖြစ်ပေါ်လာရာ ကျွန်းတန်းများဖြစ်သည်။ ရေအောက်ဂေဟစနစ်နှင့် ဇီဝမျိုးစိတ်များ ကြွယ်ဝစေသည့် သန္တာကျောက်တန်းများသည် ပင်လယ်ပြင်ရေသတ္တဝါဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုလျက်ရှိသည်။

“သန္တာဂေဟစနစ်ကို တည်ဆောက်ထားနိုင်ပြီဆိုရင် ပင်လယ်ပြင်ရဲ့ရေသတ္တဝါတည်ရှိမှုကို ရှင်သန်စေပြီး ငါးမျိုးစိတ်တွေပေါက်ပွားဖို့၊ သူတို့တွေရဲ့ အစာကွင်းဆက်အဖြစ် အသက်ရှင်ရပ်တည်ဖို့ အကောင်းဆုံးနေရာတွေဖြစ်ပါတယ်။ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ရဲ့ရေပြင် နှစ်မိုင်ကို ကာကွယ်ထားတာကြောင့် ကျွန်းပတ်ပတ်လည်က သန္တာကျောက်တန်းတွေ ရှင်သန်နေတယ်လို့ ပြောရမှာပါ။ အထိအခိုက်နည်းတဲ့ သဘောလည်းပါပါတယ်။ ကျွန်းပတ်ဝန်းကျင်မှာ သန္တာကျောက်တန်း အမာနဲ့အပျော့ဆိုပြီး နှစ်မျိုးလုံး ရှိနေပါတယ်။ သန္တာကျောက်တန်းကို ပြန်လည်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရာမှာ ငွေကုန်ကျမှုမြင့်မားတာကြောင့် လက်ရှိမှာမပျက်စီးအောင် ထိန်းသိမ်းကာကွယ်သွားတာဟာ အကောင်းဆုံးပါ။ လူတွေနဲ့နီးတဲ့ သန္တာကျောက်တန်းတွေဟာ ပိုပြီးထိခိုက်လွယ်တဲ့အတွက် လူ၊ စက်လှေ ဝင်ရောက်မှုမရှိအောင် ထိန်းသိမ်းပါတယ်။ လက်ရှိ လန်ပိအဏ္ဏဝါကျွန်းက သန္တာကျောက်တန်းတွေ အားကောင်းနေပါတယ်”ဟု လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်မှ အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

ပင်လယ်ပြင်ပူနွေးလာခြင်း၊ သမုဒ္ဒရာဓာတုဗေဒ ပြောင်းလဲခြင်း၊ သဘာဝဘေးဒဏ်ခံရခြင်း၊ သန္တာကျောက်တန်းများ၌ ငါး/ပုစွန်ဖမ်းဆီးခြင်း၊ ပင်လယ်ရေညစ်ညမ်းမှုတို့ကြောင့် သန္တာကျောက်တန်းများ ထိခိုက်ပျက်စီးနိုင်ပြီး သန္တာကျောက်တန်းများ ရှင်သန်ဖွံ့ဖြိုးမှုသည် ရေသယံဇာတကြွယ်ဝခြင်း၊ ပင်လယ်ရေစီးကြောင်းဒဏ်၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ မုန်တိုင်းဒဏ်နှင့် လေလှိုင်းဒဏ်တို့ကို လျှော့ချပေးနိုင်သည့် ရေအောက်တံတိုင်းကြီးဖြစ်သည်။ အဏ္ဏဝါဂေဟစနစ် သန့်ရှင်းမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်မှုကိုထောက်ပံ့ပေးနေသည့်သန္တာကျောက်တန်းများ၏ ထုထည်ပမာဏသည် ကမ္ဘာ့ရေထု၏ တစ်ရာခိုင်နှုန်းခန့်သာရှိသော်လည်း ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေသတ္တဝါ ၂၅ ရာခိုင်နှုန်းခန့်သည် သန္တာကျောက်တန်းများပေါ်တွင် အသက်ရှင် ရပ်တည်လျက်ရှိသည်။

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်တွင်ရှိသည့် သန္တာကျောက်တန်းများသည် အခြားသော ပင်လယ်ကမ်းရိုးတန်းရှိ သန္တာကျောက်တန်းများထက် ထိခိုက်မှုနည်းပါးပြီး ရေအောက်သန္တာကျောက်တန်းများ လှပခြင်းနှင့် ရေသတ္တဝါ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှုတို့ကြောင့် ခရီးသွားလုပ်ငန်းကိုလည်း အထောက်အပံ့ပြုလျက်ရှိသည်။

သတင်း- ဥသာ

ဓာတ်ပုံ - ကိုလွင်



## ရန်ကင်းမြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေး

ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထိန်လင်း ဦးဆောင်၍ ရန်ကင်းမြို့နယ် အမှတ်(၄)ရပ်ကွက်အတွင်းရှိ လူနေအိမ်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးထိန်လင်း၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြပြီး 191 Report Application ထည့်သွင်းအသုံးပြုပုံ၊ မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိမှု အခြေအနေများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

## (၅၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံများပြသ

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ (၅၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံအနုပညာ လက်ရာများပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Junction City Shopping Mall ရှိ Promotion Area တွင် ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံဓာတ်ပုံအသင်း နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များက ပြပွဲကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြန်မာနိုင်ငံဓာတ်ပုံအသင်း နာယက ထပ်ဆင့်အကယ်ဒမီ တစ်သက်တာအကယ်ဒမီဆုရှင် ဒါရိုက်တာပန်းချီစိုးမိုးက ဂုဏ်ပြုစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးသန်းထွန်းဦး(တက်နေဝင်း)က ပြပွဲ၊ ပြိုင်ပွဲနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ အသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆုရဓာတ်ပုံများ၊ သုံးလပတ်ပြိုင်ပွဲ၊ သင်တန်းသားပြိုင်ပွဲများ၏ ဆုရဓာတ်ပုံလက်ရာများကို ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ပြပွဲနှင့်အတူ ဓာတ်ပုံပညာဆိုင်ရာ ဟောပြောပွဲများကို မတ် ၂၃ ရက်မှ ၂၅ ရက်အထိ မွန်းလွဲ ၂ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ပြီး စိတ်ဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

အာကာ

## သန်လျင်မြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေး



သန်လျင် မတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက သန်လျင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ဦးစွာ သန်လျင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်သက်သက်နွယ်က ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်(CEIR)ဆိုင်ရာနှင့် ပတ်သက်၍ပြည်သူများ ပိုမိုသိရှိနိုင်ရေး အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)



## အုတ်တွင်းမြို့နယ်၌ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ် ပေးလျက်ရှိ

အုတ်တွင်း မတ် ၂၃

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ကုသရေးဦးစီးဌာနမှူး၏ စီစဉ်မှုဖြင့် ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးလျက်ရှိသည်။

အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးအဖွဲ့များက အုတ်တွင်းမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပဏာမ ကျန်းမာရေးစစ်ဆေးခြင်း၊ အခြေခံရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်း၊ ကြိုတင်ရောဂါရှာဖွေခြင်း၊ ကုသရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စနစ်တကျ လွှဲပြောင်းဆောင်ရွက်ရန်နှင့် ကျန်းမာရေး အသိပညာပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး အခမဲ့စစ်ဆေးရာတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ရေသန့်ဘူးနှင့် မုန့်များ ဝေငှပေးခဲ့ကြောင်း မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးထံမှ သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

**❂ မန်စီးတီးအသင်းမှ**

အာဆင်နယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးစလုံးကို အိုရီလိုင်းက ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၆၀ နဲ့ ၆၄ မိနစ်တို့မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အာဆင်နယ်အသင်းဟာ ကာရာဘောင်ဖလား ချန်ပီယံဖြစ်လာဖို့ ရေပန်းစားနေပေမယ့် နည်းပြအာတီတာအနေနဲ့ အသင်းအတွက် အားထားရတဲ့ ပထမဦးစားပေးဂိုးသမား ဒေးဗစ်ရာယာကို အသုံးမပြုဘဲ ဂိုးသမားကီပါကို အသုံးပြုခဲ့ရတာကြောင့် ဆုဖလားနဲ့ ဝေးခဲ့ရတာဖြစ်ပါတယ်။

မန်စီးတီးအသင်းကတော့ အာဆင်နယ်အသင်းကို အနိုင်ရပြီး ကာရာဘောင်ဖလား ဆွတ်ခူးနိုင်ခဲ့တာကြောင့် နည်းပြဂွါဒီယိုလာဟာ ကာရာဘောင်ဖလားကို ငါးကြိမ်ဆွတ်ခူးနိုင်တဲ့ ပထမဆုံးနည်းပြလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ကာရာဘောင်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပေမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ပြိုင်ပွဲကနေထွက်ခဲ့ရတာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းကတော့ ကာရာဘောင်ဖလား ချန်ပီယံဖြစ်ခွင့်နဲ့ လွဲခဲ့ရပေမယ့် လက်ရှိအချိန်အထိ ချန်ပီယံလိဂ်ဖလား၊ ပရီမီယာလိဂ်ဖလားနဲ့ အက်ဖ်အေဖလားတို့မှာ ချန်ပီယံဖြစ်လာဖို့ ရှိတာကြောင့် တစ်ရာသီအတွင်း ဖလားသုံးလုံးဆွတ်ခူးနိုင်မယ့် အခွင့်အရေးရှိနေသေးတာ ဖြစ်ပါတယ်။ **ငွေကြယ်**

**❍ လူငယ်ကစားသမားများမှ**

အမှတ်အများဆုံးနှစ်သင်းစီ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ရန်ကုန်ဇုန် ခြေစစ်ပွဲ အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် ဖားစည်မြေအသင်း၊ BHS အသင်း၊ Future Goal အသင်း၊ Little Comets အသင်း၊ အုပ်စု(B)တွင် St Paul's အသင်း၊ Phoenix Future Soccer အသင်း၊ Burma Football Academy အသင်း၊ Swat-E Academy အသင်း၊ ဘူရှီဒိုအသင်း၊ အုပ်စု(C)တွင် Syriam Myoma အသင်း၊ Future Stars အသင်း၊ ဗိုလ်မင်းရောင်အသင်း၊ အရှေ့ဒဂုံစတားအသင်းတို့ပါဝင်သည်။

ဒုတိယအဆင့်တွင် ရန်ကုန်ဇုန်၌ အသင်း ၂၀၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်ဇုန်တွင် ခြောက်သင်းစီ ယှဉ်ပြိုင်မည်ဖြစ်ပြီး ရန်ကုန်ဇုန်ကို အသင်းအရေအတွက်များသဖြင့် တစ်ကျော့တည်းယှဉ်ပြိုင်စေကာ ကျန်ဇုန်များကိုမူ နှစ်ကျော့ယှဉ်ပြိုင်စေမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် ရန်ကုန်ဇုန်မှ အဆင့် ၁ မှ ၄ အထိရရှိသည့် လေးသင်း၊ ကျန်ဇုန်သုံးခုတွင် အမှတ်အများဆုံးရရှိသည့် တစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်းတို့မှာ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး စုစုပေါင်းရှစ်သင်းဖြင့် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MFF**

# အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း ဆက်လက်ပြင်ဆင်

နေပြည်တော် မတ် ၂၃

မြန်မာ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းသည် ၂၀၂၆ အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် လေ့ကျင့်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။



မြန်မာ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ အောင်မြင်ပြီးကတည်းက လေ့ကျင့်မှုဆက်တိုက်ပြုလုပ်နေခြင်းဖြစ်ပြီး ကစားသမားများ အတွေ့အကြုံရစေရန် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် Young Lionesses အသင်းအမည်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသူ ကူမီကိုတာရှီယိုက ကိုင်တွယ်နေပြီး ယခုနှစ်အတွင်း ပထမဆုံးနိုင်ငံတကာခြေစမ်းပွဲအဖြစ် မတ် ၁၂၊ ၁၄ ရက်က အာရှဖလားခြေစစ်ပွဲအောင်မြင်ထားသော အိန္ဒိယ ယူ-၁၇ အမျိုးသမီးအသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲကစားရာ နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ယင်းခြေစမ်းပွဲတွင် ခြေစွမ်းပိုင်းလိုအပ်ချက်များရှိခဲ့သဖြင့် အာရှဖလားပြိုင်ပွဲမတိုင်မီ အချိန်မီပြင်ဆင်နိုင်ရန် လိုအပ်နေသည်။ မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် နောက်ဆုံးပြင်ဆင်မှုအဖြစ် အာရှဖလားပြိုင်ပွဲကျင်းပမည့် တရုတ်နိုင်ငံသို့ ကြိုတင်သွားရောက်မည်ဖြစ်ပြီး ခြေစမ်းပွဲကစားရန် စီစဉ်နေသည်။

၂၀၂၆ အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို မေ ၁ ရက်မှ ၁၇ ရက်အထိ တရုတ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(A)တွင် အိမ်ရှင်တရုတ်၊ ထိုင်း၊ ဗီယက်နမ်အသင်းတို့နှင့် ကျရောက်နေသည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - စိုးညွန့်သော်**

# ဖျာပုံမြို့နယ်၌ အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဖျာပုံ မတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီတို့ပူးပေါင်း၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ



ဖလား ဖိတ်ခေါ်အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဖျာပုံမြို့ ပြည်သူ့အားကစားကွင်းကြီး၌ ကျင်းပသည်။

အဆိုပါမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ဖိတ်ခေါ်အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကိုကျင်းပရာ Pionner FC နှင့် Gangster 1 FC အသင်းတို့ယှဉ်ပြိုင်ကြပြီး Gangster 1 FC အသင်းကPionner FC အသင်းကို ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ထို့နောက် ဖျာပုံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ပထမဆုရ Gangster 1 FC အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ငွေကျပ် သိန်း ၃၀ ကို ပေးအပ်ချီးမြှင့်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်နွယ်နွယ်လှိုင်တို့က ဒုတိယဆု၊ တတိယဆုနှင့် အကောင်းဆုံးအားကစားသမားဆုရ အားကစားသမားများအား ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ မလွကုန်းလမ်း၊ အမှတ်(၂၉၈)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်အမှတ်(၉၅)၊ (၂)ခန်းတွဲ(၈)ထပ်တိုက်၏ သတ္တမထပ်၊ (၈)လွှာ၊ (ခြေရင်းခန်း)၊ အကျယ်(၁၅'x ၆၀')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးအောင်အောင်[၁၂/အစန(နိုင်)၂၁၅၃၈၅]မှ မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေ အနက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမျိုးမင်းဟိန်း** — **ဦးဟိန်းစိုး**

**အထက်တန်းရှေ့နေ(စဉ်-၅၆၁၃၉) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၆၄)**

**အမှတ်(၃၃/၄၉)၊ Strand Condo၊ အခန်းအမှတ်(၄၀၂)၊ (၄-လွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၃)၊ ဦးပိုင်အမှတ်(၇)၊ ၇၈လမ်း၊ ၁၉x၂၀လမ်းကြားရှိ ဦးဟန်ရင်အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၃၆၆/၂၀၂၅) ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်စန်းစန်းယု [၉/မမန(နိုင်)၀၅၃၁၉၂]၊ ဦးထွန်းဝင်း[၉/မထလ(နိုင်)၀၆၇၀၃၀]တို့က အမှုတွဲအမှတ် (၅၈၉၉/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၁၈)၊ ဦးပိုင်အမှတ်(၈)၊ ၇၃လမ်း၊ ၁၁၉x၁၂၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရီရီဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၅၀၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယဉ်မွန်အေး [၉/မဟမ(နိုင်) ၀၄၁၆၈၀] က အမှုတွဲအမှတ်(၅၈၈၆/ ၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(ဠ-၁၅)၊ ဦးပိုင်အမှတ်(၈၇)၊ ၇၄x၇၅လမ်းကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဗိုလ်ကြီးငွေစိုး ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်အေးမြင့် [၁၃/ကခန (နိုင်) ၀၃၈၈၆၉]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၁၈)၊ ဦးပိုင်အမှတ်(၉)၊ ၇၃လမ်း၊ ၁၁၉x၁၂၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထောက်ကန်တုံထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၅၀၅/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မြင့် [၉/မနတ(နိုင်)၀၅၈၀၃၅] က အမှုတွဲအမှတ် (၅၈၈၇/ ၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၄)၊ ဦးပိုင်အမှတ်(၆၃)၊ ၁၁၀လမ်း၊ ၅၄x၅၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ထိန်း၏ [SP ရရှိသူ ဒေါ်ရန်ဆိုက်ဆင်း(ခ)သူသူဝင်း]ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၃၉၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ကူဆင်း [၁၃/တမည (နိုင်) ၀၀၃၇၆၃]က အမှုတွဲအမှတ်(၅၈၉၈/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ တိုက်အမှတ်-၁၉၇(ခ) ပေါ်တွင် ဆောက်လုပ်ထားသော အာစီ (၂)ခန်းတွဲ(၈) ထပ်တိုက်အဆောက်အဦ၏ အလျား(၁၃) ပေခွဲ xအနံ (၅၄)ပေရှိ သတ္တမထပ်၊ (၈လွှာဘီ)၊ ခြေရင်းခန်း၊ တိုက်၏မျက်နှာချင်းဆိုင်မှကြည့်လျှင် (ဘယ်ဘက်ခြမ်း) ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား ဦးဟန်မင်းဗိုလ် [၁၂/ရပသ(နိုင်)၀၄၈၁၉၁]မှ အရပ်ကတိဆက်စပ် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းစွာ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၁) ဦးဝေယံထွန်း [၅/မရန(နိုင်)၂၃၉၆၄၅] (၂) ဒေါ်ခိုင်ဝင့်သော်တာထူး [၁၂/ဗဟန(နိုင်)၀၉၆၀၀၂] တို့မှ အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိသွယ်ငြိမ်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၃၁၇)**
**အမှတ်(၅၁)၊ ဒုတိယထပ်(ဘယ်)၊ ၃၈လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၃၅၃၃၉၉၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဩ္ဆျာင်ရပ်ကွက်၊ အကွက်အမှတ်(၄၉၉)၊ ဦးပိုင်အမှတ်(၈၀-ခ)၊ ၈၂လမ်း၊ ၁၀၄x ၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းညွန့် [၉/တတဥ(နိုင်)၀၇၀၂၀၀]က အမှုတွဲအမှတ်(၅၈၉၇/ ၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၆)၊ ဦးပိုင်အမှတ်(၄၀)၊ ၄၈x၄၉လမ်းကြား၊ ၁၁၀x၁၁၁လမ်းကြားရှိ ဦးတင်ဝင်း အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးတင်ဝင်း၊ မိခင် ဒေါ်မြအေးရီတို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးစောညီညီ [၉/မရတ (နိုင်) ၁၀၅၀၂၀]၊ ဦးစောဝင်းလှိုင် [၉/မရတ(နိုင်)၁၀၅၀၂၄]၊ ဒေါ်နော်ဥမ္မာဝင်း [၉/မရတ (နိုင်) ၁၀၅၀၂၅]၊ ဦးစောသက်နိုင်ဝင်း [၉/မဟမ (နိုင်) ၀၀၂၃၅]တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံ ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေဂူမ်းထုပ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၅-က)၊ ဦးပိုင်အမှတ်(၁၈၅+၁၈၉+၁၉၀+၁၉၁)၊ အမှတ်(၁၉) စာတိုက်တန်းလမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးသန်းထွန်း [၉/မရမ (နိုင်)၀၀၇၅၄၅]၊ ဒေါ်နွဲ့နွဲ့အေး[၉/မရမ (နိုင်) ၀၀၇၅၄၆]တို့က အမှုတွဲအမှတ်(၅၈၉၀/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၅)၊ ဦးပိုင်အမှတ်(၂၅)၊ ရန်-မန်းလမ်း၊ ၇၃လမ်းနှင့် စက်မှုပန်းခြံလမ်းကြားရှိ မြေကွက်တွင် အစဉ်တစိုက်နေထိုင်သူ ဦးစိုးမြင့် (ခ) အိလ်ရာဇ် [၉/မထလ(နိုင်)၀၄၃၁၉၇]က အမှုတွဲအမှတ်(၅၈၈၈/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၇၀)၊ ဦးပိုင်အမှတ်(၂၆)၊ ၈၀လမ်း၊ ၃၁x၃၂ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးမင်းခွင် (ခ) မင်းဝင်း၊ ဒေါ်နန်းထွေးကြည်တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၆၀၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့်ထွေး [၅/ကသန (နိုင်) ၀၅၃၉၂၁]က အမှုတွဲအမှတ်(၀၆၂၈/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ်(၁၇၅)၊ ၄၄လမ်းနှင့် ၁၁၈ လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစန်းညွန့်ဇော်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၂၁/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဦးပိုင်သူထက် [၉/မကန(နိုင်)၁၀၄၉၀၀]၊ ဦးဟိန်းထက်အောင်[၉/မကန(နိုင်)၁၂၇၆၄၁]၊ ဒေါ်သရဖီဆုဝေ [၉/မကန(နိုင်) ၁၂၇၆၄၀]တို့က အမှုတွဲအမှတ် (၅၈၈၅/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၃-၂၀၂၆ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၆)ပါ တရားလွှတ်တော်ရှေ့နေ ဦးဇော်ကိုကိုဦး ကြော်ငြာတွင် မြေကွက်အမှတ်(၀၈၄၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ်(၁၇၄)၊ ၄၄လမ်း နှင့် ၁၁၈ လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစန်းညွန့်ဇော်ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၃၂၀/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဦးပိုင်သူထက် [၉/မကန(နိုင်)၁၀၄၉၀၀]၊ ဦးဟိန်းထက်အောင် [၉/မကန(နိုင်)၁၂၇၆၄၁]၊ ဒေါ်သရဖီဆုဝေ [၉/မကန(နိုင်) ၁၂၇၆၄၀]တို့က အမှုတွဲအမှတ် (၅၈၈၄/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၄)၊ ဦးပိုင်အမှတ်(၂-ခ)၊ ၂၉x ၃၀လမ်းကြား၊ ၆၃ x ၆၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မေမေခင်[၉/မရမ(နိုင်)၀၃၃၀၉၂]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၈)၊ မြေကွက်အမှတ်(၃၀၈)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ **ဦးစံလှ (ISN-၅၅၈၇၅၉)[၉/ပမန(နိုင်)၀၉၈၁၁၂]**အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဦးစိုးဝင်းနိုင်[၉/မခန(နိုင်)၁၅၀၄၅၈]**က ၎င်းတရားဝင်ဝယ်ယူ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချခွင့်အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်မြတ်ရည်ဖြိုး[၁၂/ဗတထ(နိုင်) ၀၃၇၇၆၅]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုမွန် [LL.B,D.B.L,D.I.L,D.I.P.L,DL-101WIPO(Switzerland)]**
**[တရားလွှတ်တော်ရှေ့နေ](စဉ်-၁၃၄၉၆)**
**အမှတ် - ၃၀၂(၁၂+၁)၊ Parami Condominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၇၉၉၆၆၄၅၅၇၊ ၀၉- ၇၈၁၅၃၅၈၂၄၊ ၀၉- ၅၀၄၉၁၇၄**

## အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် (၁၀၇)နေ ဒေါ်စန္ဒာဝင်း (ဘ)ဦးတင်ဝင်း [၇/ပခန(နိုင်) ၀၉၈၅၀၅] ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဒေါ်စန္ဒာဝင်း၏ မောင်ဖြစ်သူကိုသိန်းဝိုင်းသည်အစ်မ၏ ဆိုဆုံးမမှုများကို လက်ခံနာယူမှုမရှိသည့်အပြင် အမွေဆိုင်အိမ်နှင့် ခြံမြေကွက်အား အမွေခွဲဝေပေးရန် အကြိမ်ကြိမ်တောင်းဆိုသဖြင့် (၂၁-၃-၂၀၂၆) ရက်နေ့တွင် မိသားတစ်စု စီမံမှုမှတ်တမ်းစာချုပ်အရ ၎င်းရသင့်ရထိုက်သော အမွေဝေစုငွေများအားခွဲဝေ အမ်းပေးခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုကြေညာသည့်ရက်မှစ၍ ကိုသိန်းဝိုင်းနှင့် ပတ်သက်သော လူမှုရေးကိစ္စများ၊ ငွေကြေးအရှုပ်အရှင်းပြဿနာများတို့အား အစ်မကြီးဖြစ်သူ ဒေါ်စန္ဒာဝင်းအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဇော်ထက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၆၈/၂၀၁၇)**
**ဖုန်း-၀၉-၇၉၆၇၉၄၁၄၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၃)၊ ဦးပိုင်အမှတ်(၄၁-က)၊ ၇၁x၇၂ လမ်းကြား၊ ၁၁၆x၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြတ်မင်းအောင်(ခ)မြတ်မင်းစိုး [၉/မရမ(နိုင်)၀၇၈၈၄၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ် (၅၉၀/၅)၊ ဦးပိုင်အမှတ်(၂၇)၊ ရန်-မန်းလမ်း၊ စက်မှုပန်းခြံလမ်းကြားရှိ မြေကွက်တွင်အစဉ်တစိုက်နေထိုင်သူ ဦးစိုးမြင့်(ခ)အိလ်ရာဇ်[၉/မထလ(နိုင်)၀၄၃၁၉၇]ကအမှုတွဲအမှတ် (၅၈၈၉/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊မြရည်နန္ဒာရပ်ကွက်၊အကွက်အမှတ် (မမ-၉)၊ ဦးပိုင်အမှတ်(၉)၊ ၁၁၅လမ်း ၊ ၄၉x၅၀လမ်းကြားရှိ ဒေါ်ခွေးမ အမည်ပေါက်ဂရန်မြေကွက်အား ဖခင်ဦးသန်းဝင်း၊ မိခင်ဒေါ်ခွေးမတို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသောဒေါ်ခင်စန်းဝင်း[၉/ခမစ(နိုင်)၀၂၆၇၆၅]၊ ဒေါ်တင်စန်းဝင်း[၉/ခမစ(နိုင်)၀၂၆၇၆၆]၊ဦးမျိုးသက် [၉/ခမစ(နိုင်) ၀၂၆၇၈၈] တို့ကဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၈)၊ ဦးပိုင်အမှတ်(၈)၊ ၁၁၅လမ်း၊ ၄၆x၄၇လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးဇော်နိုင်ဝင်း[၅/ဝလန(နိုင်)၀၉၉၆၁၉] ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၄၅၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်း ခံရသူ ဦးကူရှိ[၁၃/တယန(ပြု)၀၀၀၂၃၂]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**

## “ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်-၂၄၆/က ဟုခေါ်တွင်သည့် (၆)ထပ်တိုက်၏ ပထမထပ် (၂-လွှာ) အခန်းနှင့်ပတ်သက်၍ အများသိစေရန်”

အထက်ပါလိပ်စာတည်ရှိရာ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ဂ)၊ မြေကွက်အမှတ်-၂၄၆/က၊ ပေ(၂၀x၆၀)ရှိ ဂရန်မြေကွက်ပေါ်တွင် တည်ရှိသည့် (၆)ထပ်တိုက်မှ အထက်ပါပထမထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ကန်ထရိုက်တာနှင့် မြေအမည်ပေါက်တို့ချုပ်ဆိုသည့် (၂၅-၇-၂၀၂၂)ရက်စွဲပါ ကန်ထရိုက်ဆောက်လုပ်ခြင်းဆိုင်ရာ သဘောတူညီချက်အရ မြေရှင်အကျိုးခံစားခွင့်ရရှိထား၍ ရောင်းချသူ မြေအမည်ပေါက်ပိုင်ရှင် ဦးတင်အုန်းရွှေ [၁၂/အစန (နိုင်)၀၃၄၃၀၅]က လက်ဝယ်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက စာချုပ်စာတမ်းမူရင်းများနှင့် တကွ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းမာတင့် တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၄)**
**အမှတ်-၄၊ ချယ်ရီလမ်း၊ တော်ဝင်ချယ်ရီအိမ်ရာ၊ အောင်မင်္ဂလာလမ်း၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉- ၉၆၀၁၁၇၈၀၀**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်-တောင်ပိုင်းခရိုင်)၊ ယခု-တွံတေးခရိုင်၊ တွံတေးမြို့နယ်ရှိ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း ယာယီမြေပေးမိန့် အမှတ်- ၁၅၆၁ (၂၂-၃-၂၀၂၀)အရ၊ ကွင်းအမှတ်-(၀၃)၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA)(RA-3)၊ အကွက်အမှတ် (တ-၀၂)၊ မြေကွက်အမှတ်(၁၅၄၂)၊ ဧရိယာ (၄၀x၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိသာလျှင်တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်ဌေး [၁၂/တတန(နိုင်)၁၀၇၉၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း အထောက်အထားစာရွက် စာတမ်းမူရင်းများခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**
**အမှတ်- ၁၈၊ ဥက္ကာ (၁)လမ်း၊ (ဂ) ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၄၂၂၉၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်-တောင်ပိုင်းခရိုင်)၊ ယခု-တွံတေးခရိုင်၊ တွံတေးမြို့နယ်ရှိ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း ယာယီမြေပေးမိန့် အမှတ်- ၃၅၈၉/(၂၀၂၀)အရ၊ ကွင်းအမှတ်- (၀၂)၊ ပြန်လည်နေရာချထားသည့် အုပ်စု (RA)(RA-2)၊ အကွက်အမှတ် (တ-၀၃)၊ မြေကွက်အမှတ်(၀၀၉၇)၊ ဧရိယာ (၆၀ x ၆၀)ပေရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို မိမိသာလျှင်တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းစွာ ဖြင့် ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်မျိုးဦး [၁၂/တတန(နိုင်) ၁၂၁၆၁၈] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း အထောက်အထားစာရွက်စာတမ်း မူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**
**အမှတ်- ၁၈၊ ဥက္ကာ (၁)လမ်း၊ (ဂ) ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၄၂၂၉၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ၊ တိုက်(A)၊ အခန်း(၁၀၁)၏ အမည်ပေါက် ဗိုလ်မှူးကြီးခင်မောင်လှိုင် [၉/ပသက(နိုင်)၀၀၆၅၁၂]ထံမှ ဦးဝင်းဇော် [၇/မလန(နိုင်)၀၆၅၇၀၁]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာ ပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ချင်းတွင်း အနောက်ရပ်)၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဦးစိုးမြင့် မှတ်ပုံတင်အမှတ် [၁၂/မရက(နိုင်)၀၆၇၇၇၅၄] အဖအမည် ဦးဟန်ညွှန့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၃၄၀၆)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၁၆၉၆/၂၀၂၂) (၃-၅-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက် အထူး ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကျော်အောင်သွင် မှတ်ပုံတင်အမှတ်[၁၂/ လကန(နိုင်)၁၆၈၁၃၉] အဖအမည် ဦးစောလွင်မှ ဒေါ်ညိမ်းညိမ်းဝင်း မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၀၆၄၁၁၈]နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက် ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကွမ်းခြံရပ်ကွက်၊ မြသီတာအိမ်ရာ၊ အမှတ်(၁၁၄)ဟုခေါ်တွင်သော မြေကွက်အမှတ်- (၁၁၄)၊ အကျယ်အဝန်း (၄၀x၆၀) ပေရှိ **ဒေါ်ရပီမေကြဲ** အမည်ပေါက် ပါမစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေ အမည်ပေါက် ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင် ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ **ဒေါ်ရီရီစိုး [၁၄/ဖပန(နိုင်) ၁၃၃၇၅၇]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်-၁၁၅၊ ပထမထပ်၊ (၃၃) လမ်း၊ (၁) ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်(၁၅၁)၊ မြေကွက်အမှတ်(၅၄)၊ ဦးပြေအောင်(MYG-011699)၊ စာအမှတ် (၁၇၄၉) ပါမစ်မူရင်းအမည်ပေါက် (၄၀x၆၀)ပေ မြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချပိုင်ခွင့် ရှိသူဟု ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဦးနီလာထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်း များနှင့်တကွ လူကိုယ်တိုင် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၅၁)၊ မြေကွက်အမှတ်(၅၃)၊ ဦးသိန်းအောင်[၁၂/အလန(နိုင်)၀၀၃၃၁၀] စာအမှတ်(၁၅၅၄) ပါမစ်မူရင်းအမည်ပေါက် (၄၀x၆၀)ပေမြေကွက်၏ မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိ ပြု၍ အရာင်းအဝယ်အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဦးနီလာထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက် စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## အများသိစေရန်ကြေညာခြင်း

